မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်၊ ၂၀၀၉ ခုနှစ်၊ ဧပြီ ၂၅ ရက်၊ စနေနေ့၊ အတွဲ (၄၈)၊ အမှတ် (၂၀၂)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ပညာရေးဝန်ကြီးဌာန ၂၀၀၉ ခုနှစ် အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ချမှတ်ပေးထားသည့် ပညာအရည်အသွေး မြင့်မားရေးဆိုင်ရာ လမ်းညွှန်ချက်များ နှစ်ရှည်စီမံကိန်းလုပ်ငန်းစဉ်များနှင့် ချိတ်ဆက်ပြီး အကောင်အထည်ဖော်ဆောင်ရွက်

ဆရာ၊ ဆရာမများသည် ကျောင်းသူကျောင်းသားများနှင့် အနီးကပ် တိုက်ရိုက်ထိတွေ့နေရသူများဖြစ် ပြည်ထောင်စုစိတ်ဓာတ်ရင့်သန်သော အရည်အချင်းပြည့်ဝသည့် လူငယ်များဖြစ်ရေး ပြုစုပျိုးထောင်

နေပြည်တော် ဧပြီ ၂၄

ပညာရေးဝန်ကြီးဌာန ၂၀၀၉ ခုနှစ် အမျိုးသားပညာရည် မြင့်မားရေး နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် ပျဉ်းမနားရေဆင်းရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ရွှေရတုခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး တက်ရောက်၍ အမှာစကား ပြောကြားသည်။

တက်ရောက်

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ အစိုးရအဖွဲ့အဖွဲ့ဝင် ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ ပညာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ *စာမျက်နှာ ၃ ကော်လံ ၁* ✳

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ပညာရေးဝန်ကြီးဌာန ၂၀၀၉ ခုနှစ် အမျိုးသားပညာရည် မြင့်မားရေး နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ပြသထားသည့် ပညာရေးဖွံ့ဖြိုးမှုပြခန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဧပြီ ၂၅ ရက်)

ကမ္ဘာ့ဈေးကွက်ဝင် စက်မှုကုန်ကြမ်းသီးနှံများ တိုးချဲ့စိုက်ပျိုး ပြည်ပမှဝင်ငွေတိုးတက်ရရှိရေး တိုးမြှင့်ထုတ်လုပ်

မြန်မာနိုင်ငံ၏ ရေမြေရာသီဥတုသည် သီးနှံစိုက်ပျိုးရန်ကောင်းပြီး သီးနှံပင်များဖြစ်ထွန်းသော ရာသီဥတုအနေအထားရှိသည်။ မြန်မာနိုင်ငံ၌ စားသုံးရန် သီးနှံပင်များအပြင် ဈေးကွက်ဝင်သီးနှံများကိုပါ စိုက်ပျိုးလျက်ရှိသည်။

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုနေသော စက်မှုကုန်ကြမ်းသီးနှံတွင် အဓိကပါဝင်သည့်ရော်ဘာကို မြန်မာနိုင်ငံ၌ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့၌ အများဆုံး စိုက်ပျိုးလျက်ရှိသည်။ ရော်ဘာစိုက်ပျိုးရန် ရာသီဥတုအနေအထား အကောင်းဆုံးသော ဒေသများဖြစ်သည်။

ယခုအခါ တနင်္သာရီတိုင်း၌ မြိတ်ခရိုင်၊ ထားဝယ်ခရိုင်နှင့် ကော့သောင်းခရိုင်တို့တွင် စိုက်ပျိုးလျက်ရှိပြီး မြိတ်ခရိုင်သည် ရော်ဘာအများဆုံး စိုက်ပျိုးလျက်ရှိသည်။

ယခု မွန်ပြည်နယ်ကို ရော်ဘာပြည်နယ်ဖြစ်ရေး ရည်မှန်းချက်ဖြင့် ၂၀၀၈-၂၀၀၉၌ စိုက်ဧက ၄၀၇၈၇၉ဧက စိုက်ပျိုးနိုင်ခဲ့၍ ရည်မှန်းချက်ပြည့်မီ ကျော်လွန်ခဲ့သည်။

ရော်ဘာကို ကမ္ဘာ့စက်မှုထွန်းကားသည့် နိုင်ငံများက စက်မှုလုပ်ငန်းများတွင် အသုံးပြုခြင်း များပြားလာခြင်းကြောင့် ဝယ်လိုအား မြင့်တက်ခဲ့သည်။

ယခုအခါ ရော်ဘာကို ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံခရိုင်တွင် စီးပွားဖြစ် စိုက်ပျိုးလျက်ရှိသည်။ ရော်ဘာကို ကွမ်းလုံခရိုင် ဟိုပန်၌ ၃၇၆၃ဧက၊ ကွမ်းလုံတွင် ၃၂၀၀ ဧက စိုက်ပျိုးခဲ့သည်။ ကွမ်းလုံခရိုင်တွင် ဘိန်းအစားထိုးသီးနှံအဖြစ် မြေလွတ်မြေရိုင်းများ၊ တောင်ကတုံးများ၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ သုတေသနပြုပြီးမျိုးများကို စိုက်ပျိုးခဲ့သည်။ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းသည် လိုအပ်သော စိုက်ပျိုးနည်းစနစ်များကို ပံ့ပိုးပေးထားသည်။

ယခင်က သောင်းကျန်းသူများ ကြီးစိုးခဲ့သောကြောင့် ဖွံ့ဖြိုးမှုမရှိခဲ့သောဒေသသည် ယခုအခါ ဒေသခံပြည်သူများ၏ ကြိုးပမ်းအားထုတ်မှုဖြင့် စီးပွားဖြစ် စက်မှုကုန်ကြမ်းသီးနှံပင်များ စိုက်ပျိုးကာ အောင်မြင်ဖြစ်ထွန်းနေပြီ ဖြစ်သည်။

ကမ္ဘာ့ဈေးကွက်ဝင် စက်မှုကုန်ကြမ်းသီးနှံဖြစ်သော ရော်ဘာကို မြန်မာနိုင်ငံအောက်ပိုင်း ဒေသများတွင်သာမက ရှမ်းပြည်နယ်ကဲ့သို့သော တောင်ပေါ်ဒေသများ၌ပါ ဒေသခံပြည်သူတို့၏ တီထွင်ကြံဆ ကြိုးပမ်းအားထုတ်ခြင်းဖြင့် အောင်မြင်ဖြစ်ထွန်းလျက်ရှိရာ ဒေသခံ တိုင်းရင်းသား ပြည်သူများက ပြည်ပဈေးကွက်ဝင်ရော်ဘာကို ပိုမိုတိုးချဲ့စိုက်ပျိုးသွားကြပါက ပြည်ပမှဝင်ငွေ တိုးတက်ရရှိလာနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၂၅-၄-၂၀၀၉ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ မြဝတီအဖွင့်
၁၁:၀၅ ၂။ အဖွင့်သီချင်း
၁၁:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁:၂၅ ၄။ ကာတွန်းအစီအစဉ် **ဂြိုဟ်ကမ္ဘာမှ သတ္တဝါများ** (အပိုင်း-၁၈)
၁၂:၀၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **သမင်ကူလာ** သရုပ်ဆောင်-လွင်မိုး၊ နန္ဒာလှိုင် (ဒါရိုက်တာ-မောင်သီ)
၁၃:၅၅ ၆။ သာယာသီကြွေးခေတ်ဆန်းတေး
၁၄:၀၀ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မောင်နဲ့သာဆိုရင်**(အပိုင်း-၄၁)

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ချစ်သူစုံတွဲ တူယှဉ်နွဲ့
၄:၁၅ ၄။ မြန်မာသံစဉ်ချိုနှားဝင်
၄:၂၀ ၅။ မျိုးချစ်တပ်မတော်
၄:၃၅ ၆။ အမျိုးသားရေးတေးကဗျာ
၅:၀၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၅:၄၀ ၈။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
၆:၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၂။ လျှပ်တစ်ပြက်
၆:၄၀ ၁၃။ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဝတ်လွှာစိမ်းနဲ့ပန်းနှင်းဆီ** (အပိုင်း-၁၂)
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ လူရွှင်တော်ရွှေဖလား
၁၉။ အင်္ဂလိပ်စာသုတ (English Usage)
၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အမှန်တရားရဲ့ဘက်တော်သား** (အပိုင်း-၁၅)

ပြင်ပလူနာ အဆောက်အအုံ မွမ်းမံပြင်ဆင်ထားရှိမှု ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၂၄

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးသည် ဧပြီ ၂၂ရက်က ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်ရှိ ကျန်းမာရေးဦးစီးဌာန ပြင်ပလူနာအဆောက်အအုံ မွမ်းမံပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး(အပေါ်ပုံ) **လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက် ပေးသည်။**

ထို့နောက် ဒုတိယဝန်ကြီးသည် ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စမ်းချောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စမ်းချောင်းမြို့နယ်တွင်းရှိ ရပ်ကွက်များမှ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များအား တွေ့ဆုံ၍ စမ်းချောင်းမြို့နယ်တွင် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ၊ ရောဂါကြိုတင်ကာကွယ်ရေး လုပ်ငန်းများနှင့် ကျန်းမာရေးပညာပေး လုပ်ငန်းများကို ဆွေးနွေးမေးမြန်းပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်း
ပြည်-ပေါက်ခေါင်း-အုတ်တွင်းကားလမ်း ကတ္တရာခင်းလုပ်ငန်းဆောင်ရွက်မှုများ စစ်ဆေး

နေပြည်တော် ဧပြီ ၂၄

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်းသည် ဧပြီ ၁၁ရက်က အုတ်တွင်းမြို့နယ်ရှိ ပြည်-ပေါက်ခေါင်း-အုတ်တွင်းကားလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ညှိနှိုင်းဆောင်ရွက်

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ပေါက်ခေါင်းမြို့နယ် ပေါ်လံကြီး သစ်တောစခန်းသို့ရောက်ရှိရာ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၇)၊ သစ်တောဦးစီးဌာနနှင့် သစ်ထုတ်လုပ်ရေးမှ တာဝန်ရှိသူများအား တိုင်းမှူးကတွေ့ဆုံ၍ လိုအပ်သည်များ မှာကြားညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးသည် တာဝန်ရှိသူများလိုက်ပါလျက် အုတ်တွင်းမြို့နယ် ခပေါင်းကြီး ပြင်ကာကွယ်တောရှိ (ကျွန်း) စိုက်ခင်းသို့ ရောက်ရှိစစ်ဆေးပြီး ပေါက်ခေါင်းမြို့နယ် ပုဂ္ဂလိက ကျွန်းစိုက်ခင်းများ စိုက်ပျိုးရန် မြေယာပြင်ဆင်ခြင်းတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ကျွန်းသစ်စေ့ထုတ် ဧရိယာသို့ရောက်ရှိ၍ ကျွန်းပျိုးပင်များကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကွန်ဟိန်းမြို့နယ်၌ စာကြည့်တိုက်များ ရေရှည်ခိုင်မာရေး ဆွေးနွေး

ကွန်ဟိန်း ဧပြီ ၂၄

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ကွန်ဟိန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းသန္တာဦး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးဝင်းဇော်၊ တိုင်းရင်းဆေးဌာနမှ ဒုတိယ တိုင်းရင်းဆေးမှူး ဒေါ်လှယမင်းတို့နှင့်အတူ ဖေဖော်ဝါရီ ၁ရက်က ကွန်ဟိန်းမြို့နယ် တာကော်ကျေးရွာအုပ်စုသို့ ရောက်ရှိပြီး ကျေးရွာဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ကျေးရွာစာကြည့်တိုက်ကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ ကျေးရွာအုပ်စုအတွင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ သတ်မှတ်စံ (၅)ချက်နှင့်အညီ ရေရှည်ခိုင်မာရေးစည်းရုံး ဆွေးနွေး ဟောပြောသည်။

(မြို့နယ် ပြန်/ဆက်)

ကဝမြို့နယ်စည်ပင် မကြက်ကြီး-သပြု မြေသားလမ်းသစ်ဖွင့်

ကဝ ဧပြီ ၂၄

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော မကြက်ကြီး-သပြု မြေသားလမ်းသစ်ဖွင့်ပွဲကို မတ် ၂၅ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးလှဝင်းအောင်နှင့် အမှုဆောင်အရာရှိ ဦးသန်းဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး လမ်းအရှည်တစ်မိုင်ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၁၃သိန်း၊ ပြည်သူများထည့်ဝင် ငွေကျပ် ၁၇သိန်း စုစုပေါင်း ငွေကျပ်သိန်း ၃၀ဖြင့်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့်နှင့်အဖွဲ့ မတ် ၃၀ရက်က တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့လယ်ပန်းခြံအတွင်း ပန်းအလှပင် စိုက်ပျိုးခြင်း၊ ပျိုးဥယျာဉ်ထူထောင်ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေနှင့် တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်မြင့်တို့ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

မိမိတို့၏တပည့်များကို ကျောင်းသင်ခန်းစာများ သင်ကြားပြသရုံသာမက အသိဉာဏ်ပညာဖြင့် ဆက်စပ်အသုံးချနိုင်ရေး၊ ထိုးထွင်းကြံဆ တီထွင်ဖန်တီးနိုင်ရေး စဉ်းစားတွေးခေါ်မှုပွံ့ဖြိုးစေသော အလေ့အကျင့်ကောင်းများရရှိစေရေး သင်ကြားပြသ

ရင်းရင်းနှီးနှီး နှုတ်ဆက်

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ပညာရေးဝန်ကြီးဌာန ၂၀၀၉ခုနှစ် အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

* ရွှေဖိုးမှ

ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ ဌာနမှူးများ၊ ပါမောက္ခများ၊ ပညာရေးကောလိပ်များမှ ကျောင်းအုပ်ကြီးများ ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်ပညာရေးမှူးများ၊ ပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲသို့ တက်ရောက်ကြသည့် ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက အမှာစကားပြောကြားရာတွင် ယခုအခါတွင် အမိနိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးနိုင်စေမည့် သိပ္ပံနည်းပညာရပ်များ၊ အသိဉာဏ်နှင့် ဆင်ခြင်၊ ဆန်းစစ်၊ လေ့လာ၊ သုံးသပ်နိုင်စွမ်း ပြည့်ဝသည့် ဝိဇ္ဇာပညာရပ်များစသော ပညာရေးပိုင်းဆိုင်ရာ၌ ပိုမိုတိုးတက် ဖွံ့ဖြိုးလာစေရအောင် ကြိုးပမ်းတည်ဆောက်နေချိန် ဖြစ်ကြောင်း။

အကောင်အထည်ဖော်

တစ်ချိန်တည်းတွင် အရည်အချင်းမြင့်မားသော ပညာတတ်များ ပေါ်ထွန်းလာစေရေးကိုလည်း ပညာရေးကဏ္ဍကသာ လေ့ကျင့်မွေးထုတ်ပေးနိုင်ခြင်းကြောင့် ပညာရေးကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်က အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အနေဖြင့် အမျိုးသားပညာရည်မြင့်မားရေးအတွက် ၂၀၀၁-၂၀၀၂ ဘဏ္ဍာရေးနှစ်မှ ၂၀၃၀-၂၀၃၁ဘဏ္ဍာရေးနှစ်အထိ အနှစ် ၃၀ နှစ်ရှည်စီမံကိန်းကို နှစ်တို ငါးနှစ်စီမံကိန်း ခြောက်ခုဖြင့် ပိုင်းခြားထားပြီး လုပ်ငန်းစဉ်(၁၀)ရပ်၊ စီမံချက်(၃၁)ခုတို့ဖြင့် သတ်မှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ပြောင်းလဲတိုးတက်

အဆိုပါ စီမံကိန်းလုပ်ငန်းစဉ်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်လာနိုင်သည်နှင့်အမျှ နိုင်ငံတော်အတွင်း ဒေသအလိုက် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာသည့် လူ့စွမ်းအားအရင်းအမြစ်များဖြင့် ခေတ်မီပညာရေးဆိုင်ရာ ပတ်ဝန်းကျင်ကောင်းများ ပေါ်ထွန်းလာမည်ဖြစ်ကြောင်း၊ ယင်းစီမံကိန်းရလဒ်များ၏ စွမ်းအားကောင်းများသည် နိုင်ငံတော်၏ မျှော်မှန်းချက်များကို အပြည့်အဝ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း၊ ပထမ နှစ်တိုငါးနှစ်စီမံကိန်းကာလ၏ နောက်ဆုံးနှစ်ဖြစ်သည့် ၂၀၀၅-၂၀၀၆ ပညာသင်နှစ်တွင် သူငယ်တန်းကျောင်းဝင်ရောက်မှုနှုန်း ၉၇ဒသမ ၅၈ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ပြီး ယခု ၂၀၀၈-၂၀၀၉ ပညာသင်နှစ်တွင် ၉၈ဒသမ၁၃ ရာခိုင်နှုန်းအထိ ထပ်မံတိုးတက်လာခြင်းကြောင့် ယနေ့ခေတ် ပညာရေးမြင်ကွင်းသည် သိသိသာသာ ပြောင်းလဲတိုးတက် မြင့်မားလာနေသည်ဟု ဆိုရမည်ဖြစ်ကြောင်း။

အလေးထားဆောင်ရွက်

ယခုကဲ့သို့ အခြေခံပညာရေးကဏ္ဍတွင် ပညာသင်နှစ်များအလိုက် နှစ်စဉ် သူငယ်တန်းကျောင်းဝင်နှုန်းများက စတင်ပြီး တိုးတက်ဖွံ့ဖြိုးလာသည့် အရှိန်အဟုန်ကို ထိန်းသိမ်းနိုင်ရေးအတွက် ကလေးသူငယ်များ ကျောင်းနေမြဲရေး၊ ကျောင်းထွက်နှုန်း လျော့နည်းကျဆင်းရေး၊ အဆင့်ကူးပြောင်း သင်ယူမှုနှုန်း မြင့်မားရေးလုပ်ငန်းများကို ပညာရေးစီမံခန့်ခွဲမှု အဆင့်များအပေါ်မူတည်ပြီး ဆက်လက်အလေးထား ဆောင်ရွက်သွားရန် မှာကြားလိုကြောင်း။

တစ်ဆက်တည်းမှာပင် အမျိုးသားပညာရည်မြင့်မားရေးအတွက် နှစ်စဉ်စီမံကိန်းလုပ်ငန်းများ ဒေသအလိုက် ပြည့်စုံအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးတွင် လိုအပ်သည့် ကျောင်းအုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းတာဝန်များ၊ သင်ကြားရေးဆိုင်ရာ နည်းပညာရပ်များ၊ ဘာသာရပ်ဆိုင်ရာ စီမံခန့်ခွဲမှု အတတ်ပညာများကိုလည်း ကျွမ်းကျင်ပိုင်နိုင်စွာ ဖြည့်ဆည်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

လမ်းညွှန်မှာကြား

နိုင်ငံတော်အကြီးအကဲအနေဖြင့် ပညာရေးကဏ္ဍ မြင့်မားတိုးတက်ရေးအတွက် "ဆရာ၊ ဆရာမများ၏ သင်ကြားမှု အရည်အသွေးမြင့်မားရေး၊ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများကို နိုင်ငံတကာအဆင့်မီ မြှင့်တင်ဆောင်ရွက်ရေး၊ သင်ထောက်ကူပစ္စည်းများကို ထိရောက်စွာ အသုံးပြုရေး၊ စည်းကမ်း၊ ဥပဒေများ လေးစားလိုက်နာရေး၊ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်ခိုင်မာစေရေးတို့ကို အထူးအာရုံစိုက်သင်ကြားအကောင်အထည်ဖော်သွားရန်" လမ်းညွှန်မှာကြားထားရှိကြောင်း။

အထူးဖွံ့ဖြိုးရေး ဒေသကြီးများအလိုက် တိုးတက်ဖွံ့ဖြိုးလာစေရေးအတွက် အလယ်အလတ် နည်းပညာရှင်အဆင့် လူ့စွမ်းအားအရင်းအမြစ်များပေါ်ထွက်လာစေရန် ရည်ရွယ်ပြီး ရန်ကုန်နှင့် မန္တလေးမြို့ကြီးများမှအပ အထူးဖွံ့ဖြိုးရေးဒေသကြီး ၂၂ ခုတွင်ရှိသော သင့်တော်သည့် အခြေခံပညာအထက်တန်းကျောင်းများ၌ နည်းပညာဘာသာရပ် အောင်မြင်စွာ တိုးချဲ့သင်ကြားပြသနိုင်ရေး သက်ဆိုင်ရာ ဝန်ကြီးဌာနများက ညှိနှိုင်းစီစဉ် ဆောင်ရွက်လျက်ရှိ။

အဆိုပါ လမ်းညွှန်မှာကြားချက်များကို အကောင်အထည်ဖော် ဆောင်ရွက်သည့်နေရာတွင် ပညာရေးဆိုင်ရာ ဆရာ၊ ဆရာမများသည် ကျောင်းသား ကျောင်းသူများနှင့် အနီးကပ်ဆုံး တိုက်ရိုက်ထိတွေ့ ဆက်ဆံနေရသူများဖြစ်၍ အမျိုးသားပညာရည်မြင့်မားရေးအတွက် အခြေခံအကျဆုံးနှင့် အဓိကအကျဆုံး အခန်းကဏ္ဍများတွင် ပါဝင်ထမ်းဆောင်နေရသူများဖြစ်ကြောင်း၊ ထို့အပြင် တိုင်းပြည်၏ အနာဂတ်ကို မြှင့်တင်နိုင်မည့် နိုင်ငံကြီးသားပီသပြီး ဂုဏ်သိက္ခာရှိသည့် ပညာတတ်များကို ပြုစုပျိုးထောင် မွေးထုတ်ပေးနိုင်ရေးအတွက် အဆင့်မြင့်ပညာရပ်ဆိုင်ရာ တက္ကသိုလ်၊ ကောလိပ်များနှင့် အခြေခံပညာရပ်ဆိုင်ရာ ကျောင်းများ၏ လုပ်ငန်းစဉ်များ၊ တာဝန်များကို အကောင်အထည်ဖော်ရမည့်သူများလည်း ဖြစ်ကြောင်း။

လက်တွဲကူညီ

တက္ကသိုလ်များ၊ ကျောင်းများ၏ အနှစ်သာရဖြစ်သည့် အရည်အသွေးဆိုင်ရာ သင်ကြားသင်ယူမှု မြင့်မားစေရေးအတွက် ပညာရေးဝန်ထမ်းများနှင့် ဆရာ၊ ဆရာမများက ကျွမ်းကျင်ပိုင်နိုင်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်သကဲ့သို့ သင်ယူမှုပတ်ဝန်းကျင် တိုးတက်ကောင်းမွန် မြင့်မားလာစေရေးအတွက် ကျောင်းများ၏ အသွင်သဏ္ဌာန်ဆိုင်ရာ ကျောင်းလုပ်ငန်းစွမ်းဆောင်ချက်များကိုလည်း နိုင်ငံတော်နှင့်အတူ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများ၏ လက်တွဲကူညီမှုများဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ယခုကဲ့သို့ နှီးနှောဖလှယ်ပွဲများက ရရှိလာသည့် ပညာရေးဆိုင်ရာ အတွေ့အကြုံဗဟုသုတများ၊ တင်သွင်းသည့်စာတမ်းများမှ ပညာရည်အရည်အသွေး မြင့်မားရေးဆိုင်ရာ နည်းစနစ်များ၊ တီထွင်ဆန်းသစ်မှုများ၊ အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာ သင်ခန်းစာများကို လက်တွေ့သင်ကြားရေးနှင့် ကျောင်းအုပ်ချုပ်မှု စီမံခန့်ခွဲရေးလုပ်ငန်း နယ်ပယ်များတွင် ထိရောက်စွာ ပြန်လည်အသုံးချသွားရန် လိုအပ်ကြောင်း၊ သို့မှသာ ကျောင်းတိုင်းကောင်းပြီး ဆရာတိုင်းတော်သည့် နိုင်ငံတကာအဆင့်မီ ပညာရေးအဆင့်သို့ ရောက်ရှိနိုင်မည်ဖြစ်ကြောင်းကို အလေးအနက် မှာကြားလိုကြောင်း။

ပေါင်းစပ်သင်ကြား

ထို့အပြင် **အထူးဖွံ့ဖြိုးရေးဒေသကြီးများအလိုက် တိုးတက်ဖွံ့ဖြိုးလာစေရေးအတွက် အလယ်အလတ် နည်းပညာရှင်အဆင့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာစေရန် ရည်ရွယ်ပြီး ရန်ကုန်နှင့် မန္တလေးမြို့ကြီးများမှအပ အထူးဖွံ့ဖြိုးရေးဒေသကြီး ၂၂ခုတွင်ရှိသော သင့်တော်သည့် အခြေခံပညာအထက်တန်းကျောင်းများ၌ နည်းပညာဘာသာရပ် အောင်မြင်စွာ တိုးချဲ့သင်ကြားပြသနိုင်ရေး သက်ဆိုင်ရာ ဝန်ကြီးဌာနများက ညှိနှိုင်းစီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းအတွက် နိုင်ငံတော်အပိုင်းက လိုအပ်သည်များ ဖြည့်ဆည်းပေးထားပြီးဖြစ်ခြင်းကြောင့် သင်ကြားရေးအစီအစဉ်များ ထိရောက်အောင်မြင်ရေးနှင့် စာတွေ့လက်တွေ့ ပေါင်းစပ်သင်ကြားနိုင်ရေးအတွက်ကိုလည်း ညှိနှိုင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်းကို ပြောကြားလိုကြောင်း။**

အရှိန်အဟုန်မြှင့်ဆောင်ရွက်

ယခု ကျင်းပမည့် နှီးနှောဖလှယ်ပွဲတွင် အဆင့်မြင့်ပညာကဏ္ဍအနေဖြင့် အာဆီယံတက္ကသိုလ်များ ကွန်ရက်ဆိုင်ရာ ပညာရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်း၊ မဟာဘွဲ့သင်တန်းများတွင် သုတေသနစာတမ်းများ ထည့်သွင်းခြင်းဖြင့် ပညာအရည်အသွေး ပိုမိုမြင့်မားအောင်ဆောင်ရွက်ခြင်း၊ အဝေးသင်တက္ကသိုလ်များ၏ ပညာအရည်အသွေး ပိုမိုမြင့်မားရေးအတွက် ဆောင်ရွက်ခြင်း၊ အာဆီယံအဖွဲ့ဝင် တက္ကသိုလ်များတွင် အသုံးပြုနေသည့် အရည်အသွေး စိစစ်မှုစနစ်များကို သုံးသပ်ခြင်း၊ တက္ကသိုလ်များတွင် နိုင်ငံ့အကျိုးပြု အသုံးချသုတေသနလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ခြင်း အစရှိသည့် စာတမ်းများကို ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူများက တင်သွင်းဆွေးနွေးသွားကြမည် ဖြစ်ခြင်းကြောင့် အဆင့်မြင့်ပညာကဏ္ဍအတွက် အကျိုးရှိစေမည့် စာတမ်းများဖြစ်ကြောင်းကို တွေ့ရှိရကြောင်း။

အထောက်အကူပြု

အခြေခံပညာကဏ္ဍ၌ တင်သွင်းမည့် စာတမ်းများတွင်လည်း အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ် စွမ်းရည်မြင့်မားရေး သင်ကြားပို့ချခြင်း၊ အခြေခံပညာ အထက်တန်းအဆင့်၌ စက်မှုဘာသာရပ် တိုးချဲ့သင်ကြားခြင်း၊ ကလေးဗဟိုပြု ချဉ်းကပ်သင်ယူမှုပုံစံဖြင့် သင်ကြားခြင်း၊ အခြေခံပညာကျောင်းများ၏ သင်ကြားရေး၊ စီမံခန့်ခွဲရေးလုပ်ငန်းများ ကြပ်မတ်ဆောင်ရွက်ခြင်းတို့ ဖြစ်ကြကြောင်း၊ အဆိုပါ စာတမ်းများသည် ပညာရေးကဏ္ဍအသီးသီးအတွက် အမှန်တကယ် လိုအပ်ပြီး လက်တွေ့အသုံးပြု ဖော်ဆောင်နိုင်သည့် ပညာရည်မြင့်မားရေး အစီအမံများကို အထောက်အကူပြုမည့် စာတမ်းများဖြစ်၍ အမျိုးသားပညာရည်မြင့်မားရေးကို များစွာအကျိုးရှိစေမည် ဖြစ်ကြောင်း။

ဆရာ၊ ဆရာမများအားလုံးသည် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် ရင့်သန်ခိုင်မာပြီးဖြစ်သည့် ဂုဏ်သိက္ခာရှိသော ပညာတတ်များဖြစ်သည်နှင့်အညီ မိမိတို့၏ ကျောင်းသူ ကျောင်းသား တပည့်များကိုလည်း ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်များ ရင့်သန်ခိုင်မာလာစေရေးအတွက် သင်ကြားပြသပေးရန် တိုက်တွန်းလိုကြောင်း။

ဆင်ခြင်သုံးသပ်

ထို့ကြောင့် **ဆရာ၊ ဆရာမများ၏ တာဝန်သည် မိမိတို့၏တပည့်များကို ကျောင်းသင်ခန်းစာများ သင်ကြားပြသရုံသာမက အသိဉာဏ်ပညာဖြင့် ဆက်စပ်အသုံးချနိုင်ရေး၊ ထိုးထွင်းကြံဆ တီထွင်ဖန်တီးနိုင်ရေး၊ အနာဂတ်စိန်ခေါ်မှုများကို မြော်မြင်သုံးသပ်နိုင်ရေး စသည့် စဉ်းစားတွေးခေါ်မှုကို ဖွံ့ဖြိုးစေသော အလေ့အကျင့်ကောင်းများ ရရှိစေရေးတို့ကို သင်ကြားပြသသွားရန် လိုအပ်ကြောင်း၊ ထို့အပြင် နိုင်ငံတော်၏ အနာဂတ်ကို စေတနာပါသည့် လက်တွေ့ကျသော အမှန်တရားအပေါ် အခြေခံပြီး အသိဉာဏ်ပညာဖြင့် ဆင်ခြင်သုံးသပ်နိုင်ရေးတို့ကိုပါ သင်ကြားပို့ချသွားရန် လိုအပ်ကြောင်းကို မှာကြားလိုကြောင်း။**

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ-

- **နိုင်ငံတော်အကြီးအကဲက ချမှတ်ပေးထားသည့် ပညာအရည်အသွေး တိုးတက်မြင့်မားရေးဆိုင်ရာ လမ်းညွှန်ချက်များကို နှစ်ရှည် စီမံကိန်းလုပ်ငန်းစဉ်များနှင့် ချိတ်ဆက်ပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားကြပါ။**
- **ဤနှီးနှောဖလှယ်ပွဲကြီးကတစ်ဆင့် မြန်မာနိုင်ငံ၏ ၂၁ရာစု ပညာရေးသမိုင်းကို တိုးတက်ဖွံ့ဖြိုးအောင် စွမ်းဆောင်နိုင်သည့် ဂုဏ်သိက္ခာရှိသော အသိပညာရှင်များ၊ အတတ်ပညာရှင်များအဖြစ် မော်ကွန်းထိုးနိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြပါ။**
- **အနာဂတ်စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်သည့် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ရင့်သန်သော အရည်အချင်းပြည့်ဝသည့် ကျောင်းသား ကျောင်းသူ လူငယ်များကို ပြုစုပျိုးထောင်နိုင်သော ဆရာ ဆရာမများအဖြစ် ဂုဏ်ယူနိုင်ကြပါစေ**

ဟု ဆန္ဒပြုရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ရွှေရတုခန်းမအတွင်း ခင်းကျင်းပြသထားသည့် အခြေခံပညာဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်ချက်များ၊ အဆင့်မြင့်ပညာ ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည့် ပညာရေးဖွံ့ဖြိုးမှုပြခန်းနှင့် မန္တလေးတက္ကသိုလ် ရူပဗေဒဌာန Electronic Lab က စမ်းသပ်ထုတ်လုပ်ထားသော ဓီဝဓာတ်အိုးသုံး၍ LED မီးသီး ၅၇၆လုံးကို Multiplex Method ဖြင့် မီးထွန်းခြင်း၊ စွန့်ပစ်ပစ္စည်းဖြင့် ပြုလုပ်ထားသော ဓီဝဓာတ်အိုးဖြင့် စားပွဲတင်စာကြည့်မီးသုံးခြင်းနှင့် ရေဒီယိုဖွင့်လှစ်အသုံးပြုခြင်း ပြကွက်တို့ကို ကြည့်ရှုစစ်ဆေးပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

၂၀၀၉ခုနှစ် အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲ၏ အခြေခံပညာကဏ္ဍ နှီးနှောဖလှယ်ပွဲကို ဧပြီ ၂၂ရက်မှ ယနေ့အထိ ကျင်းပပြီး အဆင့်မြင့်ပညာကဏ္ဍ နှီးနှောဖလှယ်ပွဲကို ယနေ့မှ ဧပြီ ၂၈ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ပင်လယ်ဓားပြများအား တိုက်ခိုက်ချေမှုန်းရန် အီဂျစ်နှင့်ဆိုမာလီ သမ္မတနှစ်ဦး သဘောတူညီ

ကိုင်ရို ဧပြီ ၂၄

ဆိုမာလီနိုင်ငံ ကမ်းလွန်ပင်လယ်ပြင်၌ သောင်းကျန်းလျက်ရှိသော ပင်လယ်ဓားပြများအား တိုက်ခိုက်ချေမှုန်းရန် အီဂျစ်သမ္မတ မူဘာရက်နှင့် ဧည့်သည်တော် ဆိုမာလီသမ္မတ ရှိတ်ရှာရစ်တို့ ဧပြီ ၂၂ရက်က သဘောတူညီကြကြောင်း နိုင်းရပ်မြင်သံကြားက ကြေညာသည်။

ကိုင်ရိုမြို့ရှိ အီဂျစ်သမ္မတနန်းတော်၌ နှစ်နိုင်ငံသမ္မတနှစ်ဦးတွေ့ဆုံပြီး သဘောတူညီမှုရရှိကြခြင်းဖြစ်သည်။ အဆိုပါ သဘောတူညီချက်တွင် ဆိုမာလီနိုင်ငံ ပြန်လည်ရင်ကြားစေ့ရေး၊ ပြန်လည်တည်ဆောက်ရေးနှင့် အမျိုးသားလုံခြုံရေးကိစ္စများ ပါဝင်သည်။

ဆိုမာလီနိုင်ငံအား ထောက်ပံ့ရေးတွင် အီဂျစ်နိုင်ငံသည် အဓိကအခန်းမှ ပါဝင်သော အရေးပါသည့်နိုင်ငံဖြစ်ကြောင်း၊ ပင်လယ်ဓားပြတိုက်ဖျက် ချေမှုန်းရေးအတွက် ဒေါ်လာ၁၆၅သန်းထောက်ပံ့ရန် ဆုံးဖြတ်သည့် အလှူရှင်နိုင်ငံများအား ကျေးဇူးတင်ကြောင်း ဆိုမာလီသမ္မတ ရှိတ်ရှာရစ်က ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အထိမ်းအမှတ်ပွဲတော်

ပီရူးနိုင်ငံ လီမာမြို့၌ ကျောင်းသားကျောင်းသူလေးများ စုပေါင်းကာ ကမ္ဘာ့မြေနေ့ အထိမ်းအမှတ်ပွဲတော် ကျင်းပနေသည်ကို ဧပြီ၂၃ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန် တရုတ်နှင့်ပါကစ္စတန် သဘောတူညီ

ပေကျင်း ဧပြီ ၂၄

တရုတ်နှင့် ပါကစ္စတန်နိုင်ငံတို့က နှစ်နိုင်ငံအတွင်း ပါလီမန်ဆိုင်ရာ ဆက်ဆံမှုများအပေါ် ချီးကျူးပြောကြားကြပြီး ပါလီမန်ရေးရာဆိုင်ရာကိစ္စများတွင် ပူးပေါင်းဆောင်ရွက်ရေး အဆင့်မြှင့်တင်ရန်ကိုလည်း သဘောတူညီခဲ့ကြကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

တွေ့ဆုံဆွေးနွေး

တရုတ်နိုင်ငံက ပါကစ္စတန်နိုင်ငံနှင့် မဟာဗျူဟာမြောက် ရေရှည်ဆက်ဆံရေး ဖော်ဆောင်ရန်နှင့် နှစ်နိုင်ငံဆက်ဆံရေး ဆတက်ထမ်းပိုးတိုးတက်စေရန် အစဉ်သဖြင့် လုံးပမ်းနေခဲ့သည်ဟု တရုတ်ထိပ်တန်း ဥပဒေပြုအမတ် ဝူဘန်ဂိုက ပါကစ္စတန်အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ ဖာမီဒါမာဇာနှင့် တွေ့ဆုံဆွေးနွေးစဉ်တွင် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ထုတ်ဖော်ပြောကြား

နှစ်နိုင်ငံဆက်ဆံရေး ဖွံ့ဖြိုးမှုအပေါ် ဝူက အလေးထားပြောကြားပြီး တရုတ်(တိုင်ပေ)နှင့် တိဗက် ပြဿနာများနှင့် စပ်လျဉ်း၍ ပါကစ္စတန်က တရုတ်အား ထောက်ခံခဲ့မှုနှင့်ပတ်သက်၍ တန်ဖိုးထားကြောင်း ထုတ်ဖော်ပြောကြားသည်။

ပါကစ္စတန်၏ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးရေးအတွက် ပါကစ္စတန်အစိုးရ၏ ကြိုးပမ်းမှုများကို တရုတ်အစိုးရက အခိုင်အမာ ထောက်ခံသည်ဟု ဝူက ထပ်လောင်းပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အီရန်နျူကလီးယား အစီအစဉ်ဖြေရှင်းရေး အီရန်က ခြောက်နိုင်ငံနှင့်တွေ့ဆုံရန် အသင့်ရှိဟုဆို

တီဟီရန် ဧပြီ ၂၄

အီရန်နိုင်ငံက ၄င်း၏နျူကလီးယား အစီအစဉ်နှင့်ပတ်သက်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင် ငါးနိုင်ငံနှင့်တကွ ဂျာမနီတို့နှင့် အပြုသဘော တွေ့ဆုံဆွေးနွေးရန် အသင့်ရှိကြောင်း ဧပြီ ၂၂ ရက်က ထုတ်ဖော်ကြေညာလိုက်သည်။

တုံ့ပြန်ကြေညာ

ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင် ငါးနိုင်ငံ ဖြစ်ကြသည့် ပြင်သစ်၊ ဗြိတန်၊ ရုရှား၊ တရုတ်၊ အမေရိကန်နှင့်တကွ ဂျာမနီနိုင်ငံတို့က အီရန်အား တွေ့ဆုံဆွေးနွေးရန် ဖိတ်ခေါ်ခြင်းကို အီရန်က အထက်ပါအတိုင်း တုံ့ပြန်လိုက်ခြင်းဖြစ်ကြောင်း အဆိုပါ ကြေညာချက်၌ ဖော်ပြထားသည်။

အီရန်နိုင်ငံ၏ နျူကလီးယားအရေး ဖြေရှင်းရာတွင် အီရန်နိုင်ငံက နောက်ဆုံး အဆိုပြုချက်များကို တင်ပြမည်ဖြစ်ကြောင်း အီရန်ကြေညာချက်၌ ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဟားမတ်စ်အုပ်စုပိုင်ဘဏ် ဂါဇာကမ်းမြောင်၌ ပထမဦးဆုံးဖွင့်လှစ်

ဂါဇာ ဧပြီ ၂၄

ပထမဆုံးလိုင်စင်ရ ဟားမတ်စ်ဘဏ်တစ်ခုကို ဂါဇာကမ်းမြောင်တွင် စီးပွားရေးလုပ်ငန်းဆောင်ရွက်ရန်အတွက် ဖွင့်လှစ်ခဲ့ရာ အစ္စရေးနှင့် အနောက်နိုင်ငံမှ အပေါင်းပါနိုင်ငံများက ဘဏ္ဍာရေးအရ ပိတ်ဆို့ထားမှုအပေါ် ယင်းဒေသရှိ ပါလက်စတိုင်းများက ပြေလည်စေရန် ဖြေရှင်းရာတွင် အထောက်အကူဖြစ်စေမည့်လုပ်ရပ်ဖြစ်ကြောင်း ရိုက်တာသတင်းတစ်ရပ်၌ ဖော်ပြထားသည်။

ထိန်းချုပ်ထား

ဂါဇာကမ်းမြောင်အား ထိန်းချုပ်ထားသည့် အစ္စလမ္မစ် ဟားမတ်စ်အုပ်စုက အစ္စလမ္မစ် အမျိုးသားဘဏ်ကို ထိန်းချုပ်ထားမည်မဟုတ်ဟု ပြောကြားသည်။

ပြောကြား

ဧပြီ ၂၁ ရက်တွင် ဖွင့်လှစ်ခဲ့သည့် အဆိုပါဘဏ်က ပါလက်စတိုင်း ၁ဒသမ၅သန်း နေထိုင်ရာ ဂါဇာကမ်းမြောင်၏ စီမံကိန်းများအတွက် ချေးငွေများထုတ်ချေးသွားမည်ဟု ယင်းဘဏ်ညွှန်ကြားရေးမှူး မိုဟာမက်ဂါနင်က ပြောကြားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း တိဗက်ဒေသရှိ လူဟာဆာမြို့မှ ကီလိုမီတာ ၁၅၀အကွာ၌ အံ့သြဖွယ်ကောင်းသော ချိုးပန်း၊ ချိုးနွယ်ပုံသဏ္ဍာန်ရေခဲများဖြင့် ဖုံးလွှမ်းနေသည်ကို ဤသို့တွေ့ရသည်။

(အင်တာနက်ဓာတ်ပုံ)

ယခင်နှစ်က အာဖဂန်၌ ပြည်သူ ၂၁၀၀ကျော်သေဆုံးခဲ့

ဘရပ်ဆဲလ် ဧပြီ ၂၄

အာဖဂန်နစ္စတန်၌ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ယခုနှစ် ပထမသုံးလအတွင်း အရပ်သားသေဆုံးမှုမှာ ယခင်နှစ်အလားတူကာလကထက် နှိုင်းယှဉ်ပါက ၃၉ရာခိုင်နှုန်း လျော့ကျသွားကြောင်း ဧပြီ ၂၂ရက်တွင် နေတိုးအဖွဲ့က ပြောကြားသည်။

အကြမ်းဖက်တိုက်ခိုက်

ယခုနှစ်အတွင်း အာဖဂန်၌တာလီဘန်လက်နက်ကိုင်များ၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် အာဖဂန်ပြည်သူ ၈၁ရာခိုင်နှုန်းသေဆုံးခဲ့ရပြီး နိုင်ငံစုံတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်ပေါင်း ၁၉ရာခိုင်နှုန်းသေဆုံးကြောင်း နေတိုးအဖွဲ့မှ ထုတ်ပြန်သည့် သတင်းအရ ဖော်ပြသည်။

ယခင်နှစ်အတွင်း အာဖဂန်၌ သေဆုံးသူ ပြည်သူ ၂၁၀၀ ကျော် ရှိခဲ့ကြောင်း ကုလသမဂ္ဂကိုယ်စားလှယ်အဖွဲ့က ပြောကြားသည်။ **(အင်တာနက်)**

လူမျိုးခွဲခြားမှု တိုက်ဖျက်ရေး နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်

ဂျီနီဗာ ဧပြီ ၂၄

လူမျိုးခွဲခြားမှု ပုံသဏ္ဍာန်အားလုံးကို တိုက်ဖျက်ရန် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုလိုအပ်ကြောင်း ဂျီနီဗာ၌ ကျင်းပလျက်ရှိသော ငါးရက်ကြာ ဒါဘန်သုံးသပ်ရေးညီလာခံတွင် တရုတ်ထိပ်တန်း သံတမန်လီပေါင်တုန်၌ ဧပြီ ၂၂ ရက်၌ ပြောကြားသည်။

လူမျိုးခွဲခြားမှု တိုက်ဖျက်ရေးတွင် ခိုင်မာသော ညီညွတ်ရေးတပ်ဦးဖွဲ့စည်းရန် နိုင်ငံတကာ အသိုက်အဝန်းက လက်တွဲဆောင်ရွက်ကြရန် တရုတ်နိုင်ငံက အဆိုပြုကြောင်း ညီလာခံတွင် တရုတ်သံအမတ်ကြီးလီက ပြောကြားသည်။

တိုက်တွန်း

လူမျိုးခွဲခြားခြင်းကြောင့် လူ့အခွင့်အရေးချိုးဖောက်မှု၊ နိုင်ငံတကာလုံခြုံရေး ငြိမ်းချောက်မှုနှင့် လူမှုတိုးတက်ရေး အဟန့်အတားဖြစ်မှု စသည့်ကြီးမားသော ဆုံးရှုံးပျက်စီးမှုကို နိုင်ငံတကာအစိုးရများက အပြည့်အဝ အသိအမှတ်ပြုရမည်ဖြစ်ကြောင်း မစ္စတာလီက တိုက်တွန်းလိုက်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဗီယက်နမ်၌ ကာလဝမ်းရောဂါ ထပ်မံဖြစ်ပွား

ဟနွိုင်း ဧပြီ ၂၄

ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ပြင်တူလမ်ဒေသတွင် ဗီယက်နမ်အမျိုးသမီးတစ်ဦး ကာလဝမ်းရောဂါပိုး ကူးစက်ခံရသည်ကို စစ်ဆေးတွေ့ရှိခဲ့ကြောင်း၊ ယင်းမှာ ယခုနှစ်အတွင်း ဒုတိယအကြိမ် ကာလဝမ်းရောဂါ ထပ်မံဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဒေသတွင်း သတင်းစာက ရေးသားဖော်ပြသည်။

ထပ်မံဖြစ်ပွား

ပြီးခဲ့သည့် ရက်အနည်းငယ်က ဆေးရုံသတင်းရပ်ကွက်တွင် ကာလဝမ်းရောဂါ ထိန်းချုပ်နိုင်ခဲ့ပြီဟု သတင်းထွက်ပေါ်လာပြီးနောက်ပိုင်း ထပ်မံ ဖြစ်ပွားခြင်းဖြစ်သည်။ **(အင်တာနက်)**

ပျောက်ဆုံးနေသည့် ရုရှားရဟတ်ယာဉ် ပြန်လည်တွေ့ရှိ

စီးနင်းလိုက်ပါသူအားလုံး အန္တရာယ်မှကင်းလွတ်

မော်စကို ဧပြီ ၂၄

ရဟတ်ယာဉ်ဝန်ထမ်းနှစ်ဦးနှင့် ခရီးသည်ငါးဦး စီးနင်းလိုက်ပါလာသည့်ကမ်တိုင်-၂ ရဟတ်ယာဉ်တစ်စင်းသည် ရုရှားနိုင်ငံ တွမ်ဆက်ဒေသတွင် ပျောက်ဆုံးလျက်ရှိရာမှ လိုက်ပါသူအားလုံး အန္တရာယ်မှကင်းလွတ်ကာ ပြန်လည်တွေ့ရှိရကြောင်း တာဝန်ရှိပုဂ္ဂိုလ်များနှင့် မီဒီယာသတင်းဌာနက ဧပြီ ၂၂ရက်၌ ပြောကြားသည်။

တွေ့ရှိ

အဆိုပါရဟတ်ယာဉ်ကို ကိုပါရှီဗိုကျေးရွာမှ ကီလိုမီတာ ၂၄၀အကွာတွင် တွေ့ရှိခဲ့သည်ဟု အင်တာဖက်စ်သတင်းဌာနက ဖော်ပြသည်။

ဆက်လက်ဖော်ပြ

ယင်းရဟတ်ယာဉ်သည် မော်စကို စံတော်ချိန် နံနက် ၇နာရီ ၁မိနစ်တွင် စထရက်ဟီဗိုင်မြို့အနီး၌ ပျံသန်းခဲ့ကြောင်း၊ ကက်ဒရိဗီမြို့သို့ မော်စကို စံတော်ချိန် ၈နာရီ ၁၇မိနစ်တွင် ဆိုက်ရောက်ရန်ဖြစ်သော်လည်း ရောက်လာခြင်းမရှိခဲ့ကြောင်း၊ ယင်းရဟတ်ယာဉ်ဖြင့် နောက်ဆုံးအဆက်အသွယ်ပြုလုပ်ချိန်သည် ရဟတ်ယာဉ်ပျံတက်ပြီး ၁၁ မိနစ်တွင်ဖြစ်သည်ဟု အင်တာဖက်စ်က ဆက်လက်ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဗြိတိန်နိုင်ငံ လန်ဒန်မြို့အနီးရှိ ကားလမ်းမပေါ်၌ ယာဉ်တိုက်မှုဖြစ်ပွားပြီးနောက် ယာဉ်ကြောများ ပိတ်ဆို့နေမှုကို ဧပြီ ၂၃ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

စီးပွားရေးသတင်းအဖြာဖြာ

ဟောင်ကောင်၌ ရွှေဈေးမြင့်တက်

ဟောင်ကောင် ဧပြီ ၂၄

တရုတ်နိုင်ငံ ဟောင်ကောင်ဒေသတွင် ရွှေဈေးနှုန်းမှာ မြင့်တက်လာခဲ့ကြောင်း ရွှေလုပ်ငန်းရှင်များက ပြောကြားသည်။ ဧပြီ ၂၄ရက် ပေါက်ဈေးအရ ရွှေဈေးနှုန်းမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၈၉၂ဒသမ၄၉ဒေါ်လာရှိရာ ယမန်နေ့က ထက် အမေရိကန်ဒေါ်လာ ၆ ဒသမ ၉၃ဒေါ်လာ မြင့်တက်လာခဲ့သည်။

တိုကျိုဈေးကွက်၌ ဒေါ်လာဈေး ကျဆင်း

တိုကျို ဧပြီ ၂၄

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ ငွေကြေးဈေးကွက်တွင် ဧပြီ ၂၃ ရက် ညနေပိုင်းက အမေရိကန်တစ်ဒေါ်လာလျှင် ၉၈ ဒသမ ၁၅ယန်းရှိရာမှ ဧပြီ ၂၄ရက်က အမေရိကန်တစ်ဒေါ်လာလျှင် ဂျပန်နိုင်ငံသုံး ယန်းငွေ ၉၇ယန်းသို့ ကျဆင်းလာခဲ့သည်။

ဗီယက်နမ် လေကြောင်းလိုင်း ဒေါ်လာ ၃၅၉သန်း ဝင်ငွေရရှိ

ဟနွိုင်း ဧပြီ ၂၄

ဗီယက်နမ်လေကြောင်းလိုင်း အနေဖြင့် ယခုနှစ် ပထမ သုံးလအတွင်း အမေရိကန် ဒေါ်လာ ၃၅၉သန်း ဝင်ငွေရရှိခဲ့ရာ ၂၀၀၉ခုနှစ် တစ်နှစ်လုံး ဝင်ငွေရရှိမှု လျာထားချက်၏ ၂၅ဒသမ ၈၂ရာခိုင်နှုန်းရှိကြောင်း၊ ယင်းကာလအတွင်း လေကြောင်း ခရီးစဉ် ၁၈၀၈၇ ပျံသန်းနိုင်ခဲ့ရာ ယမန်နှစ်အလားတူ ကာလ ကထက် လေကြောင်းခရီးစဉ် ၆၉၅ပိုမို ပျံသန်းပြေးဆွဲနိုင် ခဲ့ကြောင်း ဗီယက်နမ် စီးပွားရေးသတင်း ဝက်ဘ်ဆိုက်က ဖော်ပြသည်။

ရေနံတစ်စည်လျှင် ဒေါ်လာ ၆၀သို့ ရောက်ရှိလာဖွယ်

တီဟီရန် ဧပြီ ၂၄

အိုပက်အဖွဲ့ဝင်နိုင်ငံများအားလုံး ပူးပေါင်းဆောင်ရွက် နိုင်ခဲ့ပါက ၂၀၀၉ခုနှစ် တတိယသုံးလပတ်အတွင်း ရေနံဈေးနှုန်း မှာ တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၆၀သို့ ရောက်ရှိလာဖွယ် ရှိကြောင်း အီရန်ရေနံဝန်ကြီး၏ ပြောကြားချက်ကို ပရက်စ်တီဗွီ သတင်းဌာနက ကိုးကားဖော်ပြသည်။

ကိုးကား-အင်တာနက်သတင်းများ

ကမ္ဘာ့အရွယ်အစား ဂြိုဟ်တစ်လုံး နေစကြဝဠာစနစ် အပြင်ဘက်၌တွေ့ရှိ

အာကာသအတွင်း ကမ္ဘာ့ဂြိုဟ်အရွယ်အစား ဂြိုဟ်များကို ရှာဖွေလျက်ရှိရာတွင် နက္ခတ္တဗေဒပညာရှင်များက ကမ္ဘာ့အရွယ်အစားခန့်ဂြိုဟ်တစ်လုံးကို တွေ့ရှိပြီဖြစ်ကြောင်း ဆွတ်ဇာလန်နိုင်ငံ ဂျီနီဗာတက္ကသိုလ်မှ ရူပနက္ခတ္တဗေဒပညာရှင် မိုက်ကယ်မေယာက သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ဧပြီ၂၃ရက်က ပြောကြားသည်။

တွေ့ရှိသည့်ဂြိုဟ်မှာ ကမ္ဘာ့ထုထည်၏ ၁ဒသမ ၉ဆရှိသည်။ ဂလိစ် ၅၈၁-အီးဟူ၍ ယင်းဂြိုဟ်ကို အမည်ပေးလိုက်သည်။

ကျွန်ုပ်တို့ နေစကြဝဠာစနစ် အပြင်ဘက်မှ ဂြိုဟ်များကို စူးစမ်းရာတွင် ဂလိစ် ၅၈၁-အီးဂြိုဟ်ကို တွေ့ရှိခြင်းမှာ စိတ်ဝင်စားဖွယ်အကောင်းဆုံးဖြစ်ပြီး ကမ္ဘာ့အရွယ်ဂြိုဟ်များ စူးစမ်းရှာဖွေမှု၌ အရေးပါသော ခြေလှမ်းတစ်ရပ်ဖြစ်သည်ဟု မိုက်ကယ်မေယာ၏ ပြိုင်ဘက် ကယ်လီဖိုးနီးယား တက္ကသိုလ်မှ မစ္စတာမာစီက ချီးကျူးသည်။



အာကာသသိပ္ပံ

ကျွန်ုပ်တို့ နေစကြဝဠာအပြင်ဘက်တွင် ဂြိုဟ်ပေါင်း ၃၅၀ခန့်ကို ရှာဖွေတွေ့ရှိပြီး ဖြစ်သော်လည်း ယခုအထိ တစ်ခုမျှ သက်ရှိများ နေနိုင်သည့် လက္ခဏာမတွေ့ရသေးပေ။ အများစုမှာ နေနှင့်ဝေးလွန်းခြင်းနှင့်နီးလွန်းခြင်းတို့ကြောင့် ဖြစ်သည်။ နေနှင့်နီးလွန်းလျှင် ပူပြင်းပြီး၊ ဝေးလွန်းလျှင်အေးလွန်းတတ်သည်။ **(အင်တာနက်)**

ဘဝဒဿန

- ***The character is like white paper, if once blotted, it can hardly ever be made to appear white as before.***
- အကျင့်စာရိတ္တသည် စက္ကူအဖြူနှင့်တူသည်။ တစ်ကြိမ်စွန်းထင်းသွားသည်နှင့် နဂိုကဲ့သို့ ဖြူစင်အောင် ပြုလုပ်ရန် ခဲယဉ်းသည်။

ဂျီးဟာဝက်စ် (အမေရိကန်လူမျိုးဘုန်းတော်ကြီး)

ဘဝအမောပြေ

ရောမမြို့ကိုတည်ဆောက်ချိန်....

တစ်နေ့သောအခါ ဆရာက တပည့်တစ်ဦးအား လုပ်ငန်းကြီးများကို အချိန်တို အတွင်း ပြီးမြောက်အောင်မြင်အောင် မဆောင်ရွက်နိုင်၍ ဆုံးမသွန်သင်နေလေ သည်။

ဆရာ ။ ။ ဘယ်သူမဆို လုပ်ငန်းကြီးတစ်ခုကို လုပ်တော့မယ်ဆိုရင် 'ခုရေတွင်းတူး ခုရေကြည်သောက်'ဆိုသလို လုပ်လို့မရဘူးကွ။

တပည့် ။ ။ ဟုတ်ကဲ့ပါဆရာ။

ဆရာ ။ ။ ပြီးတော့ 'ကြက်နက်မ ဥချက်ချင်း ဥ'ဆိုသလိုလည်း လုပ်လို့ မရပြန်ဘူး။

တပည့် ။ ။ ဟုတ်ကဲ့ပါဆရာ။

ထိုအခါ ယခင်ကလည်း တပည့်ဖြစ်သူအား အကြိမ်ကြိမ် မျိုးစုံသွန်သင်ဆုံးမ ခဲ့ဖူးသော ဆရာက ၎င်း၏တပည့် မည်မျှမှတ်သား ဗဟုသုတယူနိုင်ခဲ့သည်ကို သိလိုသဖြင့် မေးခွန်းတစ်ခုကို စမ်းသပ်မေးမြန်းလေသည်။

ဆရာ ။ ။ ကဲ... ရောမမြို့ကို ဘယ်အချိန်မှာ တည်ဆောက်ခဲ့သလဲ ငါ့တပည့်။

တပည့် ။ ။ ညမှာပါ။

ဆရာ ။ ။ ဘာဖြစ်လို့ ညလို့ ပြောနိုင်တာလဲကွ။

တပည့် ။ ။ ရောမမြို့ကြီးကို တစ်နေ့တည်းနဲ့ မတည်ဆောက်နိုင်ဘူးလို့ ဆရာပဲ ပြောထားဖူးတယ်လေ။

ဆရာ ။ ။ 'ဘာ'

နိုင်ငံတကာ သတင်းစုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

အင်တာနက်ကျန်းမာရေး

ကလေးငယ်တို့ကို နို့တိုက်ခြင်းကြောင့် မိခင်များနှလုံးရောဂါနှင့်ကင်းဝေးနိုင်

ကလေးငယ်များအား မိခင်နို့တိုက်ကျွေးခြင်းဖြင့် ကျန်းမာရေးနှင့်ပတ်သက်၍ ကလေးငယ်များအတွက် အကျိုးများစွာရရှိမှုအပြင် မိခင်ဖြစ်သူ အနေဖြင့်လည်း နှလုံးရောဂါဖြစ်နိုင်ခြေ လျော့ပါးကြောင်း သိပ္ပံပညာရှင်များက ထပ်မံတွေ့ရှိရသည်ဟု ဆိုသည်။

မိခင်နို့စို့ခြင်းဖြင့် ကလေးငယ်များအား အဝလွန်ခြင်း၊ ဆီးချိုသွေးချိုရောဂါ၊ ရင်ကျပ်ပန်းနာရောဂါနှင့်တကွ နား၊ ရင်ဘတ်နှင့် ဗိုက်တို့တွင် ရောဂါပိုးမွှားများ ဝင်ရောက်စွဲကပ်ခြင်းတို့မှ အကာအကွယ်ပေးသည်။ ထို့ပြင် နို့တိုက်မိခင်များအဖို့လည်း ကျန်းမာရေး အခြေအနေကောင်းများ ရရှိသည်။

လျော့နည်း

နို့တိုက်မိခင်များမှာ ကလေးငယ်များကို နို့ချိုတိုက်ကျွေးပြုစုပေးရသည့်အတွက် ခန္ဓာကိုယ်တွင်းရှိ အဆီများ လျော့ပါးသွားစေပြီး နှလုံးရောဂါနှင့် လေဖြတ်မည့်အန္တရာယ် နည်းပါးစေသည်။ အနည်းဆုံးတစ်လကြာ နို့ချိုတိုက်ကျွေးလျှင် ဆီးချိုသွေးချိုရောဂါ၊ သွေးပေါင်ချိန်မြင့်ခြင်းနှင့် ကိုလက်စထရောများခြင်း လျော့ပါးစေနိုင်ပြီး တစ်နှစ်ထက်ပို၍ နို့တိုက်လျှင် နှလုံးသွေးကြောဆိုင်ရာ ရောဂါဖြစ်နိုင်သည့်အကြောင်းရင်း ၁၀ရာခိုင်နှုန်း လျော့နည်းမည်ဖြစ်သည်။

မိခင်နို့ကို ကလေးငယ်အား ပိုမိုအချိန်ကြာကြာတိုက်ကျွေးလေ မိခင်ရောကလေးငယ်ပါ ကျန်းမာသည်ဟူ၍ သိပ္ပံပညာရှင်များက ကောက်ချက်ချထားသည်။

ကမ္ဘာ့အထင်ကရ ပုဂ္ဂိုလ်များ

ရေဒီယိုလိုင်းပြောင်းဖမ်းနည်းစနစ်ကို တီထွင်ခဲ့သူ ထရီဖောရ်ဘေလစ်

၁၉၃၇-

လူတို့သည် ကမ္ဘာဦးတည်စ အစောပိုင်းကာလများက သာယာနာပျော်ဖွယ် အသံများအား ထပ်ကာတလဲလဲကြားလို၊ နားဆင်လိုသော်လည်း ယင်းအသံများကို အဖန်တလဲလဲ နားထောင်လိုသော ဆန္ဒကို အချိန်ကာလအတန်ကြာအထိ မစွမ်းဆောင် နိုင်ခဲ့ချေ။ အကြောင်းမှာ ထိုသို့ နားဆင်နိုင်ရန်အတွက် သာယာသောအသံများကို အသံသွင်း ဖမ်းယူနားထောင်နိုင်သော ရေဒီယိုကဲ့သို့ အသံဖမ်း၊အသံလွှင့်ကိရိယာကို တီထွင်နိုင်သည့် တိုင် နည်းပညာ မတိုးတက်သေးသောကြောင့်ဖြစ်သည်။

တက်ရောက်

သို့သော်လည်း အသံလွှင့်ရုံမှထုတ်လွှင့်သော သတင်းများ၊ တေးသီချင်းများကို ဖမ်းယူနားဆင်နိုင်ရန် ရေဒီယိုကို လိုင်းအမျိုးမျိုး ရွှေ့ပြောင်းဖမ်းယူနိုင်သည့် နည်းစနစ်ကို တီထွင်ခဲ့သူ ပညာရှင်တစ်ဦး နောက်ပိုင်းတွင် ပေါ်ပေါက်ခဲ့သည်။ ထိုသူမှာ ထရီဖောရ် ဘေလစ်**(ယာဗုံ)** အမည်ရှိ တီထွင်ပညာရှင်ဖြစ်သည်။ ထရီဖောရ်ဘေလစ်ကို ၁၉၃၇ ခုနှစ်တွင် ဗြိတိန်နိုင်ငံ လန်ဒန်မြို့ ကီးလ်ဘန်းအရပ်၌ မွေးဖွားခဲ့သည်။ သူသည် ငယ်စဉ် ကလေးဘဝတွင် လန်ဒန်မြို့အနီးရှိ ဆောက်သ်အောလ်အရပ်၌ ကြီးပြင်းခဲ့သည်။ သူသည် ရေကူးသန်သူတစ်ဦးဖြစ်ပြီး အသက် ၁၅နှစ်အရွယ်တွင် ဗြိတိန်နိုင်ငံကိုယ်စားပြု ယှဉ်ပြိုင် ခဲ့သည်။ အသက် ၁၆နှစ်အရွယ်တွင် ဆောက်သ်အောလ်အရပ်ရှိ စက်မှုနည်းပညာသုံး မြေဆီလွှာဓာတ်ခွဲခန်းတွင် ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး ထိုအချိန်မှစတင်ကာ ယင်းဒေသတွင်းရှိ နည်းပညာကောလိပ်တစ်ခု၌ စက်မှုပိုင်းဆိုင်ရာနှင့် ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာ အင်ဂျင်နီယာသင်တန်းကို တက်ရောက်ခဲ့သည်။

တာဝန်ပေး

ဘေလစ်သည် အသက် ၂၀အရွယ်တွင် အမျိုးသားတပ်မတော် ကာယလေ့ကျင့်ခန်း နည်းပြအဖြစ် လုပ်ကိုင်ခဲ့ပြီး ယင်းတပ်ကိုယ်စားပြု ရေကူးယှဉ်ပြိုင်ခဲ့သည်။ ၁၉၆၁ခုနှစ် တွင် ယင်းတပ်မှထွက်ပြီး ပါလေပူးလ်ကုမ္ပဏီတွင် အရောင်းစာရေးအဖြစ် လုပ်ကိုင်ခဲ့ သည်။ သူသည် ကုမ္ပဏီအား လျင်မြန်စွာ တိုးတက်စေခဲ့သဖြင့် မကြာမီ ယင်းကုမ္ပဏီ၏ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လုပ်ဆောင်ရန်တာဝန်ပေးခံခဲ့ရသည်။

ရင်ဆိုင်နေရ

ဘေလစ်သည် ရေကူးခြင်းကို နှစ်သက်သူဖြစ်သည့်အလျောက် ရုပ်မြင်သံကြား ဇာတ်လမ်းများတွင် စတန့်သမားအဖြစ် အကြိမ်ကြိမ် သရုပ်ဆောင်ခဲ့သည်။ ၁၉၉၃ခုနှစ်တွင် အာဖရိကတိုက်၌ အေအိုင်ဒီအက်စ် ကူးစက်ပျံ့ပွားနေသည့် အစီအစဉ်ကို ဘေလစ်ကြည့်ရှု သိရှိခဲ့ရသည်။ ထိုမှတစ်ဆင့် အာဖရိကတိုက်၌ ဆက်သွယ်ရေးတွင် ရေဒီယိုတစ်ခုတည်း ကိုသာ အားကိုးနေရပြီး ဘက်ထရီနှင့် လျှပ်စစ်လိုအပ်ချက်များသောကြောင့် ယင်းဆက်သွယ် ရေးသည် ကုန်ကျစရိတ်များပြီး အခက်အခဲများနှင့်လည်း ရင်ဆိုင်နေရကြောင်းသိရှိခဲ့ ရသည်။

အလုပ်လုပ်နိုင်

ဘေလစ်သည် ထိုအချိန်မှစ၍ ယင်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် သူ၏အိမ်ရှိ အလုပ်ရုံတွင် အထိန်းအချုပ်ကိရိယာတစ်ခု၊ လျှပ်စစ်မော်တာတစ်လုံးနှင့် ရေဒီယို အသေးတစ်လုံးတို့ဖြင့် စမ်းသပ်မှုများ ပြုလုပ်ခဲ့သည်။ ထိုသို့စမ်းသပ်ရာမှ ယင်းအထိန်း အချုပ်ကိရိယာဖြင့်မော်တာကို ထိတွေ့ခြင်းဖြင့် ရေဒီယိုအတွက် လိုအပ်သော လျှပ်စစ် ဓာတ်အားကို ဖြည့်ဆည်းပေးနိုင်သည့် လျှပ်စစ်ဓာတ်အားပေးစက်ကဲ့သို့ မော်တာကို အသုံးပြု နိုင်ကြောင်းတွေ့ရှိခဲ့သည်။ ယခုကဲ့သို့တွေ့ရှိခဲ့ရသော ရေဒီယိုလိုင်းပြောင်းဖမ်းနည်းစနစ်တွင် စပရင်ကို ဖြေလျှော့ထားနိုင်ပြီး ယင်းစပရင်ကို မလျှော့ထားသောအချိန်သည် ရေဒီယို နားထောင်နေချိန်ပင် ဖြစ်သည်။

သတိပြုမိခဲ့ကြ

ဘေလစ်သည် ၎င်း၏တီထွင်မှုကို အရှိန်အဟုန်မြင့်ကာ ထုတ်လုပ်ရန်ကြိုးစား လိုသော်လည်း စီးပွားရေးတွင်တွက်ခြေမကိုက်သဖြင့် ထုတ်လုပ်ရေးလုပ်ငန်းရှင်များက အရေးတယူ မရှိခဲ့ကြချေ။ ၁၉၉၄ခုနှစ် ဧပြီတွင်မှ ဘီဘီစီ၏ 'မနက်ဖြန်ကမ္ဘာ' အစီအစဉ်မှ ဘေလစ်၏ တီထွင်မှုကို ထုတ်လွှင့်ခဲ့သည်။ ထိုသို့ထုတ်လွှင့်ချိန်တွင် ယင်းတီထွင်မှု၏ စွမ်းပကားကို ကော်ပိုရေးရှင်း စာရင်းကိုင် ခရစ္စတိုဖာစတိန်းနှင့် တောင်အာဖရိက လုပ်ငန်းရှင် ရိုရီစတီးယားတို့က ချက်ချင်း သတိပြုမိခဲ့ကြသည်။

စတင်ထုတ်လုပ်

တောင်အာဖရိကနိုင်ငံတွင် ယင်းတီထွင်မှု၏ အသေးစိတ်အချက်အလက်များကို ဂျိုဟန်နက်စဘတ်အသံလွှင့်ဌာနက ထုတ်လွှင့်ပေးခဲ့သည်။ ယင်းနိုင်ငံရှိ လစ်ဘာတီလိုက်ဖ် ဂရုပ် အကြီးအကဲ ဟိုင်လ်တန်အပယ်လ်ဘာအမ်သည် ယင်းသတင်းထုတ်လွှင့်မှုကို ကြားသိခဲ့ပြီး လွတ်လပ်စွာရယူနိုင်သော ရေဒီယိုလိုင်းပြောင်းဖမ်းနည်းစနစ်သည် တောင်အာဖရိကတွင် ရှိသင့်ကြောင်း ဖွင့်ချခြင်းဖြင့် ချက်ချင်း လူသိရှင်ကြား ကြေညာကာ ယင်းနည်းပညာကို လူများ အထင်ကြီး သဘောကျပြီး ရယူသုံးစွဲလိုစိတ် ပြင်းပြစေခဲ့သည်။ ထို့နောက် ဘေလစ်၏နည်းပညာထုတ်ကုန်ကို ဘေဂင်ပီတီဝိုင်ကုမ္ပဏီက ကိတ်တောင်းမြို့ တွင် စတင်ထုတ်လုပ်ခဲ့သည်။

၁၉၉၆ခုနှစ် ဇွန်လတွင် ဘီဘီစီဒီဇိုင်းဆု ချီးမြှင့်ရေးအဖွဲ့က လိုင်းပေါင်းများစွာကို လွတ်လပ်စွာ ရွှေ့ပြောင်းဖမ်းယူနားဆင်နိုင်သည့် ရေဒီယို(ဖရီးပလေးရေဒီယို)ကို ထုတ်ကုန် နှင့် ဒီဇိုင်း အကောင်းဆုံးဆုချီးမြှင့်ခဲ့သည်။ ထရီဖောရ်ဘေလစ်အား ဘုရင်မ အယ်လီဇဘက်နှင့် နယ်လ်ဆင်မန်ဒဲလားတို့က ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ သည်။ ထို့နောက် ဘေလစ်သည် နယ်သာလန်ရုပ်မြင်သံကြားဌာနနှင့် ပူးပေါင်းဆောင်ရွက် နေသော တောင်အာဖရိက အသံလွှင့်ဌာနသို့ သွားရောက်ကာ သူ၏တီထွင်မှုအတွက် မှတ်တမ်းတင်ခဲ့သည်။ သူသည် ၁၉၉၆ခုနှစ် စက်တင်ဘာလတွင် ဘီဘီစီမှထုတ်လွှင့်ခဲ့သော ရေဒီယို လိုင်းပြောင်းဖမ်းနည်းစနစ်သုံး ရေဒီယိုအစီအစဉ်၌ ကိုယ်တိုင်ပါဝင်ခဲ့ရသည်။

ရှင်သန်လျက်ရှိ

၁၉၉၇ခုနှစ်တွင် ဖရီးပလေးရေဒီယိုလိုင်းသစ်-၂ကို တောင်အာဖရိကတွင် ထပ်မံ တိုးချဲ့တီထွင် ထုတ်လုပ်နိုင်ခဲ့သူ ထရီဖောရ်ဘေလစ်သည် ယနေ့တိုင် ၎င်းဝါသနာပါသော တီထွင်မှုလုပ်ငန်းများကို ဆက်လက်လုပ်ကိုင် ရှင်သန်လျက်ရှိပါကြောင်း ရေးသားဖော်ပြ လိုက်ရပါသည်။ ။

ကိုးကား-အင်တာနက် **ချစ်စိုးနိုင် ရေးသားသည်**

ထိုင်းနိုင်ငံ လူမှုဝန်ထမ်းနှင့် လူမှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိ

နေပြည်တော် ဧပြီ ၂၄

မြန်မာ-ထိုင်း နှစ်နိုင်ငံ လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရန်အတွက် ထိုင်းနိုင်ငံ လူမှုဝန်ထမ်းနှင့် လူမှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ကြီး Mr. Issara Somchai ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၁နာရီခွဲတွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ရောက်ရှိလာသည်။

ကြိုဆိုနှုတ်ဆက်

အဆိုပါ ထိုင်းနိုင်ငံ လူမှုဝန်ထမ်းနှင့် လူမှုဖွံ့ဖြိုးရေး ဝန်ကြီးဌာန ဝန်ကြီး Mr. Issara Somchai ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်ကို၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်စောဝင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်းနှင့် တာဝန်ရှိသူများက နေပြည်တော် လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

မွန်းလွဲပိုင်းတွင် လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက အဆိုပါထိုင်းနိုင်ငံ လူမှုဝန်ထမ်းနှင့် လူမှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ကြီး Mr. Issara Somchai ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ဟိုတယ်ဇုန်ရှိ ရွှေနန်းတော်ဟိုတယ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

တွေ့ဆုံ

ထို့နောက် လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးအား ထိုင်းနိုင်ငံ လူမှုဝန်ထမ်းနှင့် လူမှုဖွံ့ဖြိုးရေး ဝန်ကြီးဌာန ဝန်ကြီး Mr. Issara Somchai ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရွှေနန်းတော်ဟိုတယ်၌ တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသော နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ထိုင်းနိုင်ငံ လူမှုဝန်ထမ်းနှင့် လူမှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ကြီး Mr. Issara Somchai ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်တွင် တည်ထားကိုးကွယ်သော ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား သွားရောက် ဖူးမြော်ကြည်ညို၍ စေတီတော်ကြီးအတွက် အလှူငွေများကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

ပို့ဆောင်နှုတ်ဆက်

ယင်းနောက် ထိုင်းနိုင်ငံ လူမှုဝန်ထမ်းနှင့် လူမှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ကြီး Mr. Issara Somchai ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ညနေ ၅နာရီတွင် လေကြောင်းခရီးဖြင့် နေပြည်တော်မှ ရန်ကုန်မြို့သို့ ဆက်လက်ထွက်ခွာသွားရာ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးအား ထိုင်းနိုင်ငံ လူမှုဝန်ထမ်းနှင့် လူမှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ကြီး Mr. Issara Somchai နေပြည်တော်ဟိုတယ်ဇုန်ရှိ ရွှေနန်းတော်ဟိုတယ်၌ တွေ့ဆုံစဉ်။ (သတင်းစဉ်)

လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးနှင့် ထိုင်းနိုင်ငံ လူမှုဝန်ထမ်းနှင့် လူမှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ကြီး Mr. Issara Somchai တို့ မြန်မာ-ထိုင်း နှစ်နိုင်ငံ လူကုန်ကူးမှု ပူးပေါင်း တိုက်ဖျက်ရေး နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန် လဲလှယ်ကြစဉ်။ (သတင်းစဉ်)

■ *ကျောဖုံးမှ*

တက်ရောက်

အဆိုပါအခမ်းအနားသို့ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်ထွန်းအောင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး သူရိန်ဇော်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ဒုတိယ တရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်း၊ ရဲအရာရှိကြီးများနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ လူမှုဝန်ထမ်းနှင့် လူမှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ကြီး Mr. Issara Somchai ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

သန္နိဋ္ဌာန်ချထား

ရှေးဦးစွာ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက အမှာစကားပြောကြားရာတွင် လူကုန်ကူးမှုပြဿနာသည် ရှုပ်ထွေးသည့် ပြဿနာတစ်ရပ်ဖြစ်၍ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ COMMIT MoU အရ မဲခေါင်မြစ်ဝှမ်းဒေသအတွင်းရှိ နိုင်ငံများနှင့်အတူ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့၏ လူကုန်ကူးမှုစွမ်းဆောင်ချက်များနှင့် အောင်မြင်မှုများကို ချီးကျူး ဂုဏ်ပြုပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် နယ်စပ်ဖြတ်ကျော် လူကုန်ကူးမှုများကို တိုက်ဖျက်သွားရန် သန္နိဋ္ဌာန်ချထားပါကြောင်းဖြင့် ပြောကြားသည်။

လက်တွဲတိုက်ဖျက်

ထို့နောက် ထိုင်းနိုင်ငံ လူမှုဝန်ထမ်းနှင့် လူမှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ကြီး Mr. Issara Somchai က ပြန်လည်ဆွေးနွေး ပြောကြားရာတွင် နားလည်မှုစာချွန်လွှာအရ လုပ်ငန်းစီမံချက်ကို မကြာမီ ရေးဆွဲပြဋ္ဌာန်းပြီး ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိပါကြောင်းနှင့် အစိုးရဌာနများ၊ NGO အဖွဲ့အစည်းများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ လူကုန်ကူးမှု ပြဿနာကို ပူးပေါင်းလက်တွဲ တိုက်ဖျက်သွားမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

လက်မှတ်ရေးထိုး

ယင်းနောက် မြန်မာ- ထိုင်း နှစ်နိုင်ငံ လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေး နားလည်မှုစာချွန်လွှာကို ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးနှင့် ဝန်ကြီး Mr. Issara Somchai တို့က လက်မှတ်ရေးထိုးကြပြီး စာချုပ်ကို အပြန်အလှန်လဲလှယ်ကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ ဝန်ကြီး Mr. Issara Somchai နှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ပါဝင်

အဆိုပါ နားလည်မှု စာချွန်လွှာတွင် လူကုန်ကူးမှုပုံစံအမျိုးမျိုးတို့ကို ပူးပေါင်း တိုက်ဖျက်သည့် လုပ်ငန်းကဏ္ဍများ၊ ကြိုတင်ကာကွယ်ရေး၊ ကာကွယ် စောင့်ရှောက်ရေး၊ပြန်လည်ထူထောင်ရေး၊ တားဆီးနှိမ်နင်းရေးအဖွဲ့များ၊ ပြစ်မှုဆိုင်ရာ တရားစီရင်ရေးကိစ္စရပ်များနှင့် နှစ်နိုင်ငံ ပူးတွဲလုပ်ငန်းအဖွဲ့ထူထောင်၍ အကောင်အထည်ဖော်ရေး ကိစ္စရပ်များ ပါဝင်သည်။

(သတင်းစဉ်)

စာရင်းစစ်ချုပ်ရုံး၊ ပြည်နယ်/တိုင်း ညွှန်ကြားရေးမှူးများ လုပ်ငန်းညှိနှိုင်းဆွေးနွေး

နေပြည်တော် ဧပြီ ၂၄

စာရင်းစစ်ချုပ်ရုံး ပြည်နယ်၊ တိုင်း ညွှန်ကြားရေးမှူးများ၏ လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲကို ယနေ့နံနက် ၉နာရီက နေပြည်တော်ရှိ စာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် တက်ရောက်၍ အမှာစကား ပြောကြားသည်။

တက်ရောက်

ဆွေးနွေးပွဲသို့ စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နေပြည်တော်ရုံးချုပ် ပြည်နယ်၊ တိုင်း ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် စာရင်းစစ်ချုပ်က အမှာစကားပြောကြားရာ၌ စစ်ဆေးရေး တာဝန်ရှိသူများသည် မသမာမှုနှင့် ပေါ့လျော့မှုမဖြစ်စေရေးအတွက် သမာသမတ်ကျစွာ အဂတိကင်းကင်းရှင်းရှင်းဖြင့် မှန်မှန်ကန်ကန် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ စစ်ဆေးဖော်ထုတ်မှုများအရ နိုင်ငံတော်၏ နစ်နာဆုံးရှုံးမှုများကို ဌာနစာရင်းသို့ ငွေပေးသွင်းစေခြင်း၊ မရိုးသားမှုများကို အရေးယူဆောင်ရွက်စေခြင်းအပြင် ငွေလုံးငွေရင်း ရန်ပုံငွေများကို သုံးစွဲရာတွင် နည်းလမ်းမကျနမှု၊ စည်းမျဉ်းစည်းကမ်းနှင့် မညီညွတ်မှုတို့ကို အဓိကထား စစ်ဆေးဖော်ထုတ်ပြီး စနစ်တကျ ပြန်လည်အပ်နှံရေးအတွက် စစ်ဆေးတင်ပြကြရန် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ပြည်နယ်၊ တိုင်း ညွှန်ကြားရေးမှူးများက လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးတင်ပြကြပြီး စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ယင်းနောက် စာရင်းစစ်ချုပ်က တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားကာ နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သိန်းနီမြို့ နွယ်နီလမ်း ကတ္တရာခင်း

သိန်းနီ ဧပြီ ၂၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန်းနီမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသော နွယ်နီလမ်း ကတ္တရာခင်းခြင်း ဆောင်ရွက်နေမှုကို ဧပြီ ၇ရက် နံနက် ၁၀နာရီက မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်စောက ကွင်းဆင်းစစ်ဆေးခဲ့ရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်စိုးစိုးထွဏ်းက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မှတ်သားဖွယ်ရာ မိုးရေချိန်

(၂၄-၄-၂၀၀၉)

ကော့သောင်း	၁၁ဒသမ ၀၂ လက်မ
ထားဝယ်	၀၁ဒသမ ၇၅ လက်မ
မချမ်းဘော	၀၁ဒသမ ၇၁ လက်မ

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၉ ခုနှစ် ဧပြီလအတွက် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)

(၂၆-၄-၂၀၀၉) ရက်

၂၀၀၉ ခုနှစ် မေလအတွက်

(၁၀-၅-၂၀၀၉)ရက်နှင့် (၃၁-၅-၂၀၀၉) ရက်

မြန်မာ့ရုပ်မြင်သံကြား

၂၅-၄-၂၀၀၉ ရက် (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ ကဗျာပန်းဥယျာဉ်
- ၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၅ ၆။ အကပြိုင်ပွဲ
- ၈:၁၅ ၇။ **အဆုံးအဖြတ်** ခန့်စည်သူ၊ ငှက်ပျောကြော်၊ အေးမြတ်သူ၊ မျိုးမျိုးခိုင် (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၅ ၃။ ချစ်စရာ့အရွယ် ကစားကြမယ်
- ၁၁:၅၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၃:၀၅ ၅။ Yan Can Cook
- ၁၃:၂၅ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **အားကိုးချစ်သူ ကျေးတောသူ** (အပိုင်း-၃၉)
- ၁၄:၁၀ ၇။ ဆန်းကြယ်ထူးခြား ပြိုင်ပွဲများ Telematch
- ၁၄:၄၅ ၈။ International News

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
- ၄:၂၀ ၃။ လှိုင်ကော်မြို့ရဲ့ ကျက်သရေဆောင် နည်းပညာတက္ကသိုလ် ပင်မဆောင်
- ၄:၂၅ ၄။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၄:၃၅ ၅။ တေးဂီတအစီအစဉ်
- ၄:၄၅ ၆။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (ပထဝီဝင်အထူးပြု) (ပထဝီဝင်)
- ၅:၀၀ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၀၅ ၈။ ဂီတသံစဉ် အလှဆင်
- ၅:၂၀ ၉။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၅:၄၀ ၁၀။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
- ၆:၀၀ ၁၁။ ညနေခင်းသတင်း
- ၆:၃၀ ၁၂။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၃။ အလှရှာမယ် လှကမ္ဘာဝယ်
- ၇:၀၀ ၁၄။ ပဌာလက်ကျောင်းတော်
- ၇:၁၀ ၁၅။ သဘာဝပတ်ဝန်းကျင်နှင့် ကြွပ်ကြွပ်အိတ်
- ၇:၂၀ ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့သက်ထား**(အပိုင်း-၇)
- ၈:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ ကာတွန်းအစီအစဉ် **ဒိုင်နိုဆောမိသားစု စွန့်စားခန်း** (အပိုင်း-၁)
- ၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကျေးဇူးတင်ပါတယ်** (အပိုင်း-၄)

အလင်းပန်းတို့ ပွင့်လန်းဝေဆာ ဝေန်မြစ်ကမ်းနံဘေးက လေးမျက်နှာ

နွေဦးရဲ့လွမ်းမောဖွယ်ရာ နွေနေ့လယ်ခင်းလေးတစ်နေ့မှာ 'လေးမျက်နှာ' ဆိုတဲ့ မြို့ကလေးဆီ ဦးတည်ခဲ့ကြရပြန်ပါတယ်။ လမ်းတစ်လျှောက်ရှိ ညောင်တုန်း၊ ဆားမလောက်၊ ကျောင်းကုန်း၊ ပန်းတနော်၊ အသုတ်၊ ရေကြည်၊ ငါးသိုင်းချောင်းစတဲ့မြို့တွေကို အစဉ်အတိုင်း ဖြတ်ကျော်လာခဲ့စဉ်မှာ မြရောင်စိမ်းစိုနေတဲ့ လယ်ကွင်းပြင်တွေ၊ အုံ့ဆိုင်းမှိုင်းညို့ပြီး အရိပ်အာဝါသကောင်းလှတဲ့ ကုက္ကိုပင်ကြီးတွေ၊ သရက်ပင်အုပ်တွေ၊ လက်ပံ၊ ပိတောက်၊ ပျဉ်းမပင်ကြီးတွေ တရိပ်ရိပ် ဝေးကျန်ခဲ့တဲ့အခါ –

'မြိုင်ခွင်စုံဝှမ်း၊ ရဂုံလမ်းလည်း

စိုရွှမ်းသာခေါင်၊ မြရောင်တစ်ဝက်

ရွှေရည်ပတ်၍၊ မြရွက်မဆိုင်း

သစ်ပင်တိုင်းတို့ မနှိုင်းစရာ

ရှုဖွယ်သာလျှင်' ..ဆိုတဲ့ ဆရာစောရန်နောင်(လေးမျက်နှာ)ရဲ့ ကဗျာလေးက ကျွန်မရဲ့အာရုံမှာ ထင်ဟပ်လာခဲ့ရပါတယ်။

တကယ်တော့လည်း လေးမျက်နှာမြို့ဟာ ရှေးယခင်က အထင်ကရ သာယာစည်ကားကြွယ်ဝခဲ့ရာ သဘော်ဆိပ်ကမ်းမြို့ ဖြစ်ပါတယ်။ သာသနာ့အာဇာနည်တွေဖြစ်တဲ့ ရွှေဟင်္သာဆရာတော်ကြီး၊ ထွင့်ခေါင်ဆရာတော်ကြီး၊ ဟံသာဝတီဆရာတော်ကြီးနဲ့ လက်ရှိ အောင်ဆန်းဆရာတော်ကြီးတို့ရဲ့ ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်သလို ထင်ရှားကျော်ကြားတဲ့ အနုပညာရှင်တွေကို မွေးထုတ်ပေးခဲ့ရာမြို့လည်း ဖြစ်ပါတယ်။ အရပ်လေးမျက်နှာကို မုခ်ဦးမူပြီး ဘုရားတည်ထားတာကို အကြောင်းပြုလို့ လေးမျက်နှာမြို့ရယ်လို့ အမည်တွင်ခဲ့တယ်လို့ ဆိုပါတယ်။ အရှေ့ဘက်မှာ ဟင်္သာတ၊ အနောက်ဘက်မှာ ရခိုင်ရိုးမ၊ တောင်ဘက်မှာ ရေကြည်၊ ကျုံပျော်၊ သာပေါင်းနဲ့ မြောက်ဘက်မှာ အင်္ဂပူတို့ရှိကြပြီး လယ်ယာကိုင်းကျွန်းလုပ်ငန်း၊ ငါးဖမ်းလုပ်ငန်း၊ နှီးချောဖျာ၊ သင်ဖြူးဖျာ ရက်လုပ်ခြင်းတွေကို အဓိကစီးပွားရေးလုပ်ငန်းများအဖြစ် လုပ်ကိုင်ကြပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနက လေးမျက်နှာမြို့နယ်အတွင်းမှာရှိတဲ့ မျက်စိဝေဒနာရှင်တွေကို အခမဲ့ခွဲစိတ်ကုသဖို့ ကျွန်မတို့အဖွဲ့ကိုတာဝန်ပေးခြင်းခံရတဲ့အခါ သုံးပတ်ကြိုတင်ပြီး လေးမျက်နှာမြို့ကို တစ်ခေါက်ကြိုတင် သွားရောက်စီစဉ်ခဲ့ရပါတယ်။ မြို့ရဲ့အနေအထား၊ ဆေးရုံရဲ့ အကျယ်အဝန်းနဲ့ ခွဲစိတ်ခန်းအခြေအနေတွေ၊ ခွဲစိတ်ခန်းကို ပြင်ဆင်မွမ်းမံ ပိုးသတ်တဲ့ကိစ္စတွေ၊ လူနာတွေ ခေတ္တတည်းခိုနိုင်ဖို့အပြင် ပတ်ဝန်းကျင်မြို့နယ်များကပါ အခက်အခဲမရှိ လာရောက်ပြသနိုင်ဖို့ အရေးတွေကို မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ဇောလှနဲ့ တာဝန်ရှိသူတွေ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကိုကိုလေးနဲ့ ဆေးရုံဝန်ထမ်းတွေ၊ လေးမျက်နှာမြို့နယ်အသင်း(ရန်ကုန်)မှ ဦးခင်ချို၊ဦးနေဝင်း၊ ဦးတင်စိုး၊ဦးကျော်မြင့်တို့အဖွဲ့တွေနဲ့ မြို့မိမြို့ဖအားလုံးတို့နဲ့တိုင်ပင်ပြီး ကြိုတင်စီစဉ်ခဲ့ကြရပါတယ်။

ဒီလိုနဲ့ ကျွန်မတို့ရဲ့ကားလေးဟာ အိုင်သပြုကိုရောက်တော့ လေးမျက်နှာမြို့နယ်က တာဝန်ရှိသူတွေဟာ ဆိုင်ကယ်အစီးပေါင်းများစွာနဲ့ လာရောက်စောင့်ကြိုနေခဲ့ကြတာကို တွေ့ရပါတယ်။

အချိန်က နေဝင်ရီဖျိုးဖျ၊ ရှေ့ဆုံးမှာတော့ အောင်ဆန်းဆရာတော်ကြီး လိုက်ပါတဲ့ကား၊ အဲသည်နောက်မှာ ပါမောက္ခဒေါက်တာကံညွန့်၊ ဒေါက်တာဒေါ်ခင်ဆန်းနွယ်တို့ ဦးဆောင်လာတဲ့ မျက်စိအထူးကုအဖွဲ့၊ သည့်နောက်မှာမှ လေးမျက်နှာမြို့နယ်အသင်း(ရန်ကုန်)အဖွဲ့ အလှူရှင်များနဲ့ MRTV-4 အဖွဲ့သားတွေရဲ့ကား၊ အားလုံးရဲ့ရှေ့မှာတော့ မီးကုန်ဖွင့်ပြီး မောင်းနှင်နေတဲ့ ဆိုင်ကယ်အဖွဲ့ရဲ့မီးရောင်အလင်းတန်းတွေက တဝင်းဝင်း၊ တလက်လက်၊ ဝေ့ဝေ့ဝဲဝဲနဲ့ မီးဘောလုံးတန်းကြီးလို လှပဆန်းပြားလို့ နေပါတယ်။ "ခရီးတွေ သွားပေါင်းလည်းများပြီ၊ ခုလိုကြိုဆိုကြတဲ့ပုံစံမျိုး မကြုံဖူးဘူး၊ ရင်ထဲမှာ ဝမ်းသာဝမ်းနည်း ခံစားရတယ်"လို့ ဆရာကြီးဦးကံညွန့်ကဆိုတော့ "ကျွန်တော်တို့ကို အိုးစည်ဗုံမောင်းတွေနဲ့များ ကြိုဆိုနေဦးမလားမသိဘူး"လို့ ဒေါက်တာသိန်းဇော်က ပြောတဲ့အခါ အားလုံးရယ်မိကြသေးတယ်။အဟုတ်ကိုပါပဲ၊ မြို့အဝင် သံသရာငြိမ်းအေးစေတီအဝမှာအိုးစည်ဗုံမောင်းတွေနဲ့ တီးမှုတ်ကခုန်နေတဲ့လူအုပ်ကြီးက ကျွန်မတို့ကို အားပါးတရ ကြိုဆိုနေခဲ့ကြပါတယ်။ ဒီလို လှိုက်လှိုက်လှဲလှဲ ကမ်းလင့်ကြိုဆိုမှုတွေကပဲ ကျွန်မတို့ကို ခွန်အားတွေ ဖြစ်လာစေရပါတယ်။

ဆေးရုံသွားရာလမ်းတစ်လျှောက်မှာ ယူကလစ်ပင်၊ ထင်းရှူးပင်တွေက ညီညာစွာစီတန်းနေကြသလို ဆေးရုံအဝင်ဝ ကျောက်စရစ်လမ်းလေးရဲ့ တစ်ဖက်တစ်ချက်မှာ ရောင်စုံဂန္ဓမာပန်းတွေက အလှချင်းပြိုင်နေကြပါတယ်။ "မျက်စိအထူးကု ဆရာဝန်ကြီးများနှင့်အဖွဲ့အား ကြိုဆိုပါ၏"ဆိုတဲ့ မုခ်ဦးနဲ့ လိုက်ဖက်လှစွာပဲ ကြီးမားခမ်းနားတဲ့ မဏ္ဍပ်ကြီးတစ်ခုလုံးမှာ ရောင်စုံမီးပွင့်မီးဆိုင်းလေးတွေက မှိတ်တုတ်မှိတ်တုတ်နဲ့ တဖိတ်ဖိတ်လက်နေပြန်တော့ လေးမျက်နှာမြို့နယ်ဆေးရုံမှ ဟုတ်ပါလေစလို့ ထင်မှတ်မှားမိပါတော့တယ်။

ဆေးရုံရဲ့မဏ္ဍပ်ထဲမှာ ကျောင်းကုန်း၊ရေကြည်၊အသုတ်၊ဟင်္သာတ၊အင်္ဂပူ၊ငါးသိုင်းချောင်း၊ကျိုက္ကလီ၊ဂွမြို့နယ်တွေက လာပြကြတဲ့လူအုပ်ကြီးနဲ့ ပြည့်လို့နေပါပြီ။ ဧပြီ၄ရက်၊ ၅ရက်၊ ၆ရက်သုံးရက်စလုံးမှာ ထောင်ပေါင်းများစွာသော လူအုပ်ကြီးဟာ ပူရှိန်ပြင်းတဲ့ နွေနေ့လယ်ခင်းကို အန်တုလို့ မိမိအလှည့်ကို စိတ်ရှည်လက်ရှည်နဲ့ စောင့်ဆိုင်းနေခဲ့ကြပါတယ်။တချို့ခရီးစဉ်တွေမှာ ကြားခဲ့ရဖူးတဲ့ "မတိုးကြပါနဲ့၊ အားလုံးကို ကြည့်ပေးမှာပါ၊အလှည့်မကျော်ပါနဲ့"ဆိုတဲ့ အုတ်အော်သောင်းတင်း ဆူညံနေတာမျိုး လုံးဝမကြားရဘဲ လူနာမှတ်ပုံတင်နံပါတ်စဉ်အတိုင်း အမည်၊ လိပ်စာခေါ်နေသူရဲ့ ကြည်လင်ငြိမ်းအေးတဲ့ အသံအောက်မှာ ပြည့်ကျပ်နေတဲ့လူအုပ်ကြီးနဲ့မလိုက်ဖက်စွာဘဲ တိတ်ဆိတ်အေးချမ်းလို့နေပါတယ်။

ဆေးရုံရှေ့လမ်းမပေါ်ကိုလည်း ကြည့်ပါဦး။ ခမောက်စု၊ ပန်းတောကြီး၊ လှော်ကား၊ရှမ်းရွာ၊ခတ္တူ၊ထိန်ငူစတဲ့ကျေးရွာတွေကနေလာပြကြတဲ့ လူနာတွေ၊ လူနာစောင့်တွေဟာ ထမင်းချိုင့်တွေ၊ ခြင်းတောင်းတွေဆွဲပြီး တန်းစီလာနေလိုက်ကြတာ ရှင်လောင်းလှည့်သလိုပဲ။ မျက်စိပြမယ့် အမေအို၊ အဘအိုတွေကို အဝတ်ပုခက်ထမ်းစင်တွေနဲ့ တငြိမ့်ငြိမ့်၊ တလှုပ်လှုပ်ထမ်းပြီး ပြုံးရွှင်တက်ကြွစွာ လာနေကြတာကလည်း ဘယ်ဒေသမှာမှ မမြင်ရဖူးတဲ့ မြင်ကွင်းပါပဲ။ တကယ်တော့ လေးမျက်နှာမြို့နယ်မှာရှိတဲ့ ကျေးလက်ပြည်သူတွေဟာ တစ်လ၊ နှစ်လ အလိုကတည်းက ကျွန်မတို့အဖွဲ့ လာမယ်ကြားတာနဲ့ အားခဲထားရတာ။ လက်တွေ့မှာ လာကြရတဲ့ ခရီးကလည်း တကယ့်ကို ကြမ်းလှပါတယ်။ လှည်းတစ်တန်၊ လှေတစ်တန်၊ ခြေကျင်တစ်တန်၊ ဆိုင်ကယ်တစ်တန် ဖုန်ထူလမ်းကြမ်းလှတဲ့ ၁၃မိုင်ခရီးကို ခြေကျင်လာခဲ့ရတဲ့ သူတွေလည်း ရှိတယ်ဆိုတော့ သူတို့ရဲ့ဇွဲနဲ့ မျှော်လင့်အားကိုးမှုတွေကို မြင်သာနိုင်ပါတယ်။ ပြီးတော့လည်း လာပြတဲ့ လူနာတော်တော်များများဟာ နှစ်ဖက်လုံး မမြင်တဲ့သူ၊ အတွင်းတိမ်ရင့်မှည့်ဖြူဖွေးနေတဲ့သူ၊ အသက် (၈၀)ကျော်၊ (၉၀)ကျော် သက်ကြီးရွယ်အိုတွေ သိပ်များနေပါတယ်။

ဒေါက်တာနီလာသိန်း(လင်းရောင်သစ်)

အသက်ရှည်ကြပေမယ့် မျက်စိကကွယ်နေရှာတော့ အိမ်ထဲမှာပဲ ငုတ်တုတ်ထိုင်၊ မလှုပ်မယှက်နေရင်းနဲ့ ခြေထောက်တွေ ချည့်နဲ့သွားပြီး လမ်းတောင် မလျှောက်နိုင်ရှာတော့ပါဘူး။ သူတို့ပုံစံလေးတွေက ပီဘိကလေးငယ်လေးတွေလို ပါပဲ။ အသက်ရှိနေပေမယ့် ဘဝက ဘာမှအဓိပ္ပာယ်မရှိဘူးဆိုတာ သရုပ်ဖော်ပြနေသလိုပါပဲ။ အသက် ၉၃နှစ် ရှိပြီဖြစ်တဲ့ ခမောက်စုရွာက အမေကြီး ဒေါ်တင်ငွေဆိုရင် မျက်စိနှစ်ဖက်လုံး မမြင်ရရှာတော့ပါဘူး။ "အမှောင်ထဲမှာပဲ ကျင့်သားရနေပါပြီ။ သူများကိုလည်း ဒုက္ခမပေးချင်ပါဘူး။ ဒါပေမယ့် မသေခင်လေး မြင်ချင်လွန်းလို့ပါကွယ်"လို့ သားနှစ်ယောက်ထမ်းလာတဲ့ စောင်ပုခက်အတွင်းမှာ ငုတ်တုတ်လေးထိုင်၊ စောင်စကို တင်းတင်းဆုပ်ပြီး သနားစဖွယ်ပြောနေရှာတဲ့ အမေအိုရဲ့စကားသံက ကျွန်မရဲ့ရင်ကို ထိခိုက်ခံစားစေရပါတယ်။ ခွဲပြီး နောက်တစ်နေ့ မြင်လည်းမြင်ရော ဝမ်းသာရှာလွန်းလို့ ခေါင်းလေးတလည်လည် ဟိုကြည့် ဒီကြည့်နဲ့။

"အောင်မလေးကွယ်၊ လူသေကို အသက်သွင်းပေးလိုက်သလိုပါပဲလား။ အဘွား မသေချင်သေးဘူး။ တရားဓမ္မတွေ လုပ်ဦးမယ်။ အသေပြင်ရဦးမယ် သမီးရေ"လို့ အားပါးတရပြောတော့ ကျွန်မတို့ပြုခဲ့တဲ့ အလှူဒါနက ဘယ်လောက်များ မွန်မြတ်လိုက်ပါသလဲဆိုပြီး ဂုဏ်ယူနေမိပြန်တယ်။ အပြန်လမ်းမှာ စောင်ပုခက်ထဲကနေ အသံတစာစာနဲ့ ဟိုလူ့နှုတ်ဆက်၊ ဒီလူ့နှုတ်ဆက်ဆိုတော့ သားနှစ်ယောက်မှာ တပြုံးပြုံးနဲ့ အမေအိုရဲ့ ရွာအပြန်လမ်းက လှပလိုက်ပုံများလေ။

ပြီးတော့လည်း လေးမျက်နှာနယ်သားတွေက အလွန်စကားကြွယ်ကြပါတယ်။ ခွဲခန်းထဲမှာ မျက်စိခွဲနေရင်းနဲ့ သူတို့ဆီက စကားအထူးအဆန်းလေးတွေ၊ ဓလေ့ထုံးစံလေးတွေ သိချင်တာရယ်၊ အတွေ့အကြုံမရှိတော့ ကြောက်မှာစိုးတာရယ်ကြောင့် စကားတွေအပြန်အလှန်ပြောမိပါတယ်။ လူတစ်ယောက်ကို ဇာတ်လမ်းတစ်ပုဒ်ပါပဲ။ လူ့ဘဝဆိုတာလည်းဇာတ်ခုံကြီးလိုပဲဆိုတော့ သူတို့ဘဝ၊ သူတို့ အကြောင်းတွေက ရင်မောစရာ၊ ရင်နင့်စရာ၊ လွမ်းမောစရာတွေပါသလို မချိပြုံး ပြုံးရင်း ရယ်မောစရာတွေလည်းပါရဲ့။ ကျွန်မတို့ရဲ့အနီးဆုံးမှာ ရှိနေကြတဲ့ ပြည်သူတွေရဲ့ ရင်တွင်းခံစားချက်တွေကို မြင်တတ် ကြားတတ်ရုံမျှမက ခံစားနားလည် ဖြည့်ဆည်းပေးနိုင်ကြမှသာ ကျွန်မတို့တစ်တွေ လူဖြစ်ရကျိုးနပ်မှာပါ။

ရှိသေးတယ်၊ အဘကြီးတစ်ယောက်များ ခွဲစိတ်ပြီးလို့ နောက်တစ်နေ့ နေကာမျက်မှန်တပ်ပေးတဲ့အခါ "ဟာ...မြင်ရပြီ၊ မြင်ရပြီ။ ဆရာဝန်၊ ဆရာမတွေက ချောလိုက်ကြတာကွယ်"လို့ ထအော်တော့ "အဘက အခုမှ အမြင်မှန်ရတာကိုး"လို့ ပြန်နောက်မိပါတယ်။ ချက်ခနဲ ပြန်ပြောလိုက်တာများ "တကယ်ပါကွယ်၊ သမီးတို့မေတ္တာတွေက သီတာရေစင်ပမာ တသွင်သွင်စီးကျနေတာတောင် မြင်ရတယ်ဗျ"တဲ့လေ။ "ဒါတော့ ပိုလွန်းပြီထင်တယ် အဘရေ"လို့ပဲ ပြန်ပြောလိုက်နိုင်တော့တယ်။ စကားကြွယ်ပုံများ ပြောပါတယ်။

ဒီလိုနဲ့ပဲ ထူးခြားကြီးမြတ် ထိုက်တန်လှတဲ့ စက္ခုအလင်းအလှူပွဲကြီး အောင်မြင်ခဲ့ရပါတယ်။

တကယ်တော့ ဒီစကားလုံးတွေက ကျွန်မရဲ့စကားလုံးတွေမဟုတ်ပါဘူး။ အောင်ဆန်းဆရာတော် အမိန့်ရှိခဲ့တာပါ။ လေးမျက်နှာ ခရီးစဉ်အတွက် နှစ်လလောက် အလိုကတည်းက ပင်ပန်းအားထုတ်ခဲ့ရတာကို ဆရာတော်သိတော့ သံသရာငြိမ်းအေးဓမ္မာရုံကြီးမှာ အလင်းအလှူအတွက် ရေစက်ချအမျှဝေတဲ့အခါ "စက္ခုအလင်းကွယ်ပျောက်နေရှာသူတွေရဲ့ဘဝကို ထွန်းလင်းစေနိုင်ခဲ့ပြီဖြစ်လို့ စီစဉ်သူတွေ၊ အလှူရှင်တွေနဲ့ ခွဲစိတ်ကုသပေးခဲ့သူအားလုံးဟာ ဒီကုသိုလ်ထူး၊ ကုသိုလ်မြတ်တွေနဲ့ ထိုက်သူတန်သူ ဧကန်စင်စစ်ဖြစ်ကြပါတယ်။ အခုလို အလင်းဓာတ်တွေရလို့ ပြုံးပျော်နေတဲ့ ကိုယ့်နယ်သူနယ်သားတွေကို မြင်ရတဲ့အခါ ပီတိတွေဖြစ်၊ ဝမ်းသာလှိုက်လှဲခံစားရပုံများ စာဖွဲ့မပြနိုင်ပါဘူး။ ခွဲပေးတဲ့ဆရာဝန်၊ ဆရာမတွေကို အထူးကျေးဇူးတင်လွန်းလို့ ကလေးငယ်တွေသာဆို ပခုံးပေါ်ထမ်းပြီး ရွာထဲလှည့်ပြလိုက်ချင်ပါရဲ့"လို့ ရင်တွင်းစကားကို မိန့်ဆိုတဲ့အခါ ကျွန်မလေ ပင်ပန်းရကျိုး၊ အားထုတ်ရကျိုးနပ်ပြီရယ်လို့ မျက်ရည်တွင်တွင်ကျမိတယ်။ တကယ်လည်း ထူးခြားတဲ့ပွဲပါပဲ။ လူနာတွေကို မျက်စိလည်းခွဲပေး၊ ထမင်းလည်းကျွေး၊ အိမ်တိုင်ရာရောက်ကြိုပို့ပေး၊ အဘက်ဘက်ကပြည့်စုံအောင် ဖန်တီးပေးနိုင်ခဲ့တဲ့ ဒီလိုခရီးစဉ်မျိုးက အရှားသားမဟုတ်လား။ ဒါကြောင့်လည်း မျက်စိဝေဒနာရှင် ၄၆၁ ဦးကို ကြည့်ရှုစစ်ဆေးပေးနိုင်ခဲ့ပြီး အတွင်းတိမ်လူနာ ၅၅ဦးကို အောင်မြင်စွာခွဲစိတ်ပေးနိုင်ခဲ့ကြတာပဲ ဖြစ်ပါတယ်။

အခုလို ခြိမ့်ခြိမ့်သဲသဲ အောင်မြင်ခဲ့ရတာလည်း ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးရဲ့ စီစဉ်ညွှန်ကြားမှု၊ အလှူရှင်တွေဖြစ်တဲ့ အောင်ဆန်းဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရနဲ့ တပည့် ဒါယကာ ဒါယိကာမတွေ၊ လေးမျက်နှာမြို့နယ်အသင်း(ရန်ကုန်)နဲ့ မတည်အလှူရှင်ဦးနေဝင်း-ဒေါ်ခင်သင်းလွင်မိသားစုနဲ့ စန္ဒာမြိုင်ဆေးကုမ္ပဏီတို့ရဲ့လှူဒါန်းပံ့ပိုးမှုတွေကြောင့်ပဲ ဖြစ်ပါတယ်။

ဧရာဝတီရဲ့ မြစ်ခွဲဖြစ်တဲ့ ငဝန်မြစ်ရေဟာ မြို့ကို ဖြတ်စီးသွားတဲ့အခါ မြို့ဟောင်း၊ မြို့သစ်၊ အစိုးရရုံးစိုက်ရာမြေလို့ဆိုပြီး ဘယ်လိုပဲ မြို့လေးက သုံးပိုင်းဖြစ်နေပေမယ့် လေးမျက်နှာမြို့သူမြို့သားတွေရဲ့ စည်းလုံးညီညွတ်မှုအင်အားတွေနဲ့ အောင်မြင်မှုပြယုဂ်ကို သက်သေထူနိုင်ခဲ့တဲ့ ပွဲရယ်လို့ ရာဇဝင်မှာ တွင်ကျန်ရစ်တော့မှာပါပဲ။

အပြန်မှာ ငဝန်မြစ်ကိုဖြတ်ပြီး ရှေးဟောင်းဆုတောင်းပြည့် ထူပါရုံစေတီကို ဖူးမြော်ရတဲ့အခါ ရွှေဟင်္သာဆရာတော်ကြီးကို မှန်းမျှော်ကြည်ညိုပြီး ဦးခိုက်ပူဇော်မိပါတယ်။ "အများအကျိုး၊ ရွက်သယ်ပိုးက၊ ခနိုးခနဲ့၊ ဆိုကဲ့ရဲ့လည်း၊ မရွံ့မစောင်း၊ ကိုယ့်လမ်းကြောင်းကို၊ စိတ်ကောင်းနှင့်ယှဉ်၊ ရှေးရှုနင်လော့"ဆိုတဲ့ ဆရာတော်ကြီးရဲ့ ကဗျာလေးကတော့ဖြင့် ကျွန်မတို့အားလုံးရဲ့ ဘဝခရီးမှာ ဘယ်လိုအခက်အခဲ၊ အတားအဆီးတွေပဲရှိရှိ ရဲရဲဝံ့ဝံ့ ရှေ့ဆက်လျှောက်လှမ်းနိုင်ဖို့ စိတ်ဓာတ်ခွန်အားတွေ ပေးစွမ်းစေနိုင်ခဲ့လို့ပါပဲ။

ဒီလိုနဲ့ပဲ လေးမျက်နှာမြို့လေးကို နှုတ်ဆက်လက်ပြ ထားရစ်ခဲ့ရပါပြီ။ တာပေါင်ရိုးပေါ်မှာ မေးတင်နေတဲ့ ဒေါင်းစကြာနေမင်းကြီးကတော့ ကမ္ဘာလောကကြီးကို အလင်းတွေပေးပြီးလို့ တစ်နေ့တာတာဝန်တွေ ပြီးဆုံးပြီမို့ အနောက်ဂေါယာကျွန်းဆီကို ယွန်းလုပြီဖြစ်ပါတယ်။ ကျွန်မတို့ အားလုံးဟာလည်း အဖြူရောင်နှလုံးသားကို ရင်မှာပိုက်ပြီး မိမိတို့တတ်စွမ်းတဲ့ ပညာတွေနဲ့ ရင်းနှီးပေးဆပ်ခဲ့ရတဲ့ အလှူဒါနတွေကြောင့် လူတိုင်းလိုချင်မက်မောမြတ်နိုးကြတဲ့ "အလင်းရောင်"ဆိုတဲ့ မျှော်လင့်ခြင်းရောင်ခြည်သစ်တွေကို ဖန်တီးပေးနိုင်ခဲ့ပါပြီ။ ကျွန်မတို့ စွမ်းဆောင်ပေးခဲ့တဲ့ အလင်းတွေက "အားသစ်ရောင်ခြည်"တွေအဖြစ်နဲ့ လယ်ကွင်းတွေရဲ့အကြား၊ ယာတောတွေရဲ့ အလယ်၊ သစ်လုံးတွေနဲ့ တူသံပေသံတွေရဲ့အကြား၊ မြစ်ကမ်းနဖူး နီးရက်၊ ဖျာရက်တဲ့နေရာတွေထိအောင် ပျံ့နှံ့ လင်းလက်နိုင်စေရပြီမို့ ငဝန်မြစ်ကမ်းနံဘေးက "လေးမျက်နှာ" မြို့လေးမှာဖြင့် အလင်းပန်းတို့ ပွင့်လန်းဝေဆာနိုင်ခဲ့ရပြီလို့သာ ဆိုလိုက်ချင်ပါတော့တယ်။ ။

လူ့ဘဝဆိုတာလည်း ဇာတ်ခုံကြီးလိုပဲဆိုတော့ သူတို့ဘဝ၊ သူတို့ အကြောင်းတွေက ရင်မောစရာ၊ ရင်နင့်စရာ၊ လွမ်းမောစရာတွေပါသလို မချိပြုံး ပြုံးရင်း ရယ်မောစရာတွေလည်း ပါရဲ့။ ကျွန်မတို့ရဲ့ အနီးဆုံးမှာရှိနေကြတဲ့ ပြည်သူတွေရဲ့ ရင်တွင်း ခံစားချက်တွေကို မြင်တတ်ကြားတတ်ရုံမျှမက ခံစားနားလည် ဖြည့်ဆည်းပေးနိုင်ကြမှသာ ကျွန်မတို့တစ်တွေ လူဖြစ်ရကျိုး နပ်မှာပါ။

● ကျော်ဖုံးမှ

မကြာမီအချိန်တွင်ပင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီး

“နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်ရဲ့ ဒီဇိုင်းပုံစံဟာ ခေတ်မီသွက်လက်တဲ့ပုံသဏ္ဌာန်ဖြစ်ပြီး ခရီးသည်တွေ အလွယ်တကူ သက်သောင့်သက်သာနဲ့ လေဆိပ်အတွင်းချဉ်းကပ်ဝင်ရောက်သွားလာနိုင်တဲ့ ဒီဇိုင်းပုံစံမျိုးဖြစ်ပါတယ်” ဦးနေလင်း
စီမံကိန်းဒါရိုက်တာ
အေးရှားဝေါလ်ကုမ္ပဏီလီမိတက်
နေပြည်တော်အပြည်ပြည်ဆိုင်ရာ
လေဆိပ်တည်ဆောက်ရေးစီမံကိန်း။

သီဟသူရတင်အောင်မြင့်ဦးက ရတနာပိုင်တိုင်တော်များအား စက်ခလုတ်နှိပ်၍ ရတနာပိုင် ကိုးချက်စီ အသီးသီး ရိုက်တင်ပေးရာ ယန္တရားကြီးများမှ ထွက်ပေါ်လာသော အသံကအောင်စည်အောင်မောင်းသံကဲ့သို့ပင် ခြိမ့်ခြိမ့်ညံလျက် ပေါ်ထွက်လာခဲ့တော့သည်။ ပိုင်ရိုက်သံတိုင်းမှာပင် “ဤကားမြန်မာ၊ ဂုဏ်ရှိန်မညှိုးခေတ်ကိုစိုးမိုးတော့မည့် မြန်မာ”ဟု လူတို့ကိုယ်စား ဟစ်ကြွေးနေသည့်အလား ရှိတော့သည်။ ထိုစဉ် ခဏမှာပင် လေနုအေးကလေးကလည်း ညင်သာစွာ တိုးဝှေ့ တိုက်ခတ်လာပေရာ အောင်သတင်းကိုဆောင်ကြဉ်းတော့မည့် အောင်လေပြေလေညင်းအဖြစ် ကမ္ဘာ့ လူသားထုအတွင်း သတင်းဖြန့်လျက်ခရီးဆက်တော့မည့်အလား ကျီစယ်ဆော့ကစားနေတော့သည်။ နေပြည်တော်၏ ဂုဏ်ဒြပ်ကို ထင်ဟပ်ပေါ်လွင်စေမည့် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်ကြီးကား မကြာမီ ပေါ်ထွန်းလာပေတော့မည်ဖြစ်ရာ လေဆိပ်ကြီး၏ စွဲမက်စဖွယ်ပုံစံငယ်အတိုင်း လှပခံ့ညားစွာ ဖြစ်တည်လာတော့မည့်အနာဂတ်မြင်ကွင်းကို ကြည်နူးပီတိအဟုန်နှင့် အာရုံပြုမြင်ယောင်ကြည့်မိတော့သည်။

လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံတိုင်းတွင်လေပိုင်နက်၊ ရေပိုင်နက်၊ မြေပိုင်နက်ဟူ၍ ပိုင်နက်နယ်နိမိတ်များ ရှိကြသည်။ ထိုပိုင်နက်နယ်နိမိတ်များကိုကာကွယ်စောင့်ရှောက်ရမည် ဖြစ်သကဲ့သို့ နိုင်ငံအတွက် အကျိုးရှိအောင် အသုံးချနိုင်ရန်လည်း အရေးကြီးပေသည်။ ရေပိုင်နက်အတွင်း ကမ်းလွန်ရေနံတူးဖော်ရေး၊ ကမ်းလွန်သဘာဝဓာတ်ငွေ့တူးဖော်ရေးကြိုးပမ်း ဆောင်ရွက်လျက်ရှိသည့်နည်းတူ လေပိုင်နက်ဖြစ်သည့် မြန်မာ့ဝေဟင်ကိုလည်း တစ်လက်မ မကျန် အသုံးချနိုင်ခြင်းအားဖြင့် နိုင်ငံ့စီးပွားကို လေကြောင်းကဏ္ဍမှ ဖြည့်ဆည်းပံ့ပိုးနိုင်မည် ဖြစ်ပေသည်။ ထိုသို့ ဝေဟင်ပိုင်နက်ကို စီးပွားရေးအရအသုံးချနိုင်

“လက်ရှိနေပြည်တော်လေဆိပ်မှာမည်သည့်လေယာဉ်အမျိုးအစားမဆို ဆင်းသက်နိုင်ပါတယ်”
ဦးစိန်ဝင်း
ဒုတိယအထွေထွေမန်နေဂျာ
နေပြည်တော်လေဆိပ်တာဝန်ခံ
လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု
ဦးစီးဌာန။

ရန်အတွက် နိုင်ငံတကာ လေကြောင်းလိုင်းများကိုဖြတ်သန်းနိုင်ခွင့်၊ ရပ်နားဆင်းသက်နိုင်ခွင့် စီမံပေးရပေမည်။ ရပ်နားဆင်းသက်ခြင်း ပြုလုပ်နိုင်ရန်အတွက် နိုင်ငံတကာအဆင့်မီလေယာဉ်ကွင်းများ ဖောက်လုပ်စီမံပေးခြင်း၊ ဆင်းသက် ရပ်နားသည့် နိုင်ငံတကာ ခေတ်မီလေယာဉ်များအတွက်လောင်စာဆီများ၊ စားရေရိက္ခာများ၊ စက်ကိရိယာအပိုပစ္စည်းများဖြည့်ဆည်းပေးခြင်း၊ စက်ကိရိယာပိုင်းဆိုင်ရာ မွမ်းမံထိန်းသိမ်းမှုများ ဆောင်ရွက်ပေးခြင်း စသည်တို့ ဆောင်ရွက်ပေးနိုင်ရပေမည်။ ဤသည်ကား နိုင်ငံတကာ

“Taxi Way နဲ့ Apron တို့ကို ကွန်ကရစ်လောင်းတဲ့ လုပ်ငန်းနဲ့ ပင်မဆောင်အတွက် ပိုင်ရိုက်တဲ့ လုပ်ငန်းတွေလည်းလုပ်နေပါတယ်”
ဦးသိန်းထွန်း
စီမံကိန်းအင်ဂျင်နီယာ
အေးရှားဝေါလ်ကုမ္ပဏီလီမိတက်
နေပြည်တော်အပြည်ပြည်ဆိုင်ရာ
လေဆိပ်တည်ဆောက်ရေးစီမံကိန်း။

အဆင့်မီ လေယာဉ်ကွင်းများ လိုအပ်ရခြင်း၏ အခြေခံအချက် ဖြစ်ပေသည်။ နိုင်ငံတစ်နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကို ချိန်ထိုးရာတွင် ဆက်သွယ်ရေးကွန်ရက်များ ယှက်နွယ်ကောင်းမွန်မှု ရှိမရှိဆိုသည်မှာအရေးပါသည့်အချက်အလက်တစ်ခုပင် ဖြစ်ပေသည်။

ပို့ဆောင်ရေးကဏ္ဍသည် ခေတ်အဆက်ဆက် တွင်ကျယ်လာသကဲ့သို့ နောင်အနာဂတ်တွင်လည်း အလေးထားလုပ်ဆောင်ရမည့်ကဏ္ဍတစ်ခုဖြစ်သည်။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက်တွင် နေပြည်တော်ကို ဗဟိုပြု၍ ပြည်နယ်နှင့်တိုင်းအသီးသီးသို့ လွယ်ကူစွာသွားလာနိုင်ရေးနှင့် စီမံခန့်ခွဲမှုကိစ္စရပ်များကို သွက်လက်လျင်မြန်စွာ ဆောင်ရွက်နိုင်ရေးအတွက် ရထားလမ်း၊ ကားလမ်းများကို ကွန်ရက်သဖွယ် ဖောက်လုပ်ထားပြီးဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် အနေဖြင့်နိုင်ငံတကာနှင့်စီးပွားရေး၊လူမှုရေး၊သံတမန်ရေးဆက်သွယ် ဆက်ဆံမှုများ တိုးမြှင့်ဆောင်ရွက်လာသည်နှင့်အမျှ အပြည်ပြည်ဆိုင်ရာလေကြောင်းဆက်သွယ်သွားလာမှုများပြားလာခဲ့ပြီး အပြည်ပြည်ဆိုင်ရာလေဆိပ်များ၌နိုင်ငံတကာခရီးသည်ဝင်ထွက်သွားလာမှုများလည်း ပိုမိုများပြားလာခဲ့သည်။ ထိုသို့ဖြစ်ပေါ်လာခဲ့သော မရှိမဖြစ် လိုအပ်ချက်အရပင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် နေပြည်တော်တွင် နိုင်ငံတကာအဆင့်မီ နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်တည်ဆောက်ရေးစီမံကိန်းကို နေပြည်တော်ခရိုင် လယ်ဝေးမြို့နယ်၏အရှေ့ဘက်၅ဒသမ၇ မိုင်အကွာ၊ အေလာမြို့၏အနောက်ဘက် နှစ်မိုင်ခန့် အကွာတွင် မူလလေဆိပ်နှင့် ဆက်စပ်လျက် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

ယခုအခါ နေပြည်တော်သို့ နိုင်ငံတကာမှ အကြီးအကဲများ၊ ဧည့်သည်တော်များ၊ ချစ်ကြည်ရေးခရီးစဉ်များလာရောက်လျက်ရှိပြီး အဆိုပါခရီးစဉ်များတွင် လက်ရှိနေပြည်တော်လေဆိပ်ကို အသုံးပြုလျက်ရှိသည်။ လက်ရှိနေပြည်တော်လေဆိပ်ကို အေးရှားဝေါ(လ်)ကုမ္ပဏီလီမိတက်က ၂၀၀၂ ခုနှစ် မေ ၂၃ ရက်တွင် မြေကြီးလုပ်ငန်းများ စတင်ဆောင်ရွက်ပြီး ၂၀၀၄ ခုနှစ် ဧပြီ ၂၈ ရက်တွင် ပြီးစီးမှုများကို လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနသို့ အပ်နှံခဲ့ရာမှ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနသည် ၂၀၀၄ ခုနှစ် ဧပြီ ၂၂ ရက်တွင် ကာကွယ်ရေးဝန်ကြီးဌာန စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးသို့ စီမံကိန်းကို ဆက်လက်တာဝန်ယူတည်ဆောက်ရန် အပ်နှံခဲ့သည်။

စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးသည် ဘိုးရင်း-၇၄၇ လေယာဉ်ကြီးများအထိဆင်းသက်နိုင်သော အလျား ပေ ၁၂၀၀၀၊ အကျယ်ပေ ၂၀၀ ရှိ လေယာဉ်ပြေးလမ်း၊ အလျားပေ ၅၀၀၊ အကျယ်ပေ ၁၃၀ ရှိ လေယာဉ်သွားလမ်း၊ အလျားပေ ၆၀၀၊ အကျယ်ပေ ၄၀၀ ရှိ လေယာဉ်ရပ်နား နေရာနှင့် လေဆိပ်အဆောက်အအုံတို့ကို တည်ဆောက်ခဲ့ရာ ၂၀၀၅ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်တွင် နေပြည်တော်လေဆိပ်သို့ ခရီးသည်တင်လေယာဉ်များ စတင်ဆင်းသက် အသုံးပြုနိုင်ခဲ့သည်။

နေပြည်တော် အပြည်ပြည်ဆိုင်ရာလေ… အဆောင် (Departures Kerbside)ကို ဤ… သွားမည်ဖြစ်သည်။

နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ် အဆောက်အအုံပြီးစီးပါက ပြည်ပထွက်ခွာသူများ စစ်ဆေးခန်းမဆောင် (International Check-In Hall) ကို ဤသို့ တွေ့မြင်ရမည်ဖြစ်သည်။
(သတင်းစဉ်)

လေဆိပ်အဝင်ခန်းမဆောင်

နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်အဆောက်အအုံတည်ဆောက်ပြီးစီးသွားပါက အဝင်ခန်းမဆောင်ကို ဤသို့ တွေ့မြင်ရမည်ဖြစ်သည်။
(သတင်းစဉ်)

သွားပ… Bagg…

နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ် ဝ… အဆင့်သုံးဆင့်ဖြင့် အကောင်အထည်ဖော် ဆောင်ရွ… ပထမအဆင့် ပြီးစီးပါက တစ်နှစ်လျှင် ခရီးသည် … သွားလာနိုင်မည်ဖြစ်ပြီး စီမံကိန်း တတိယအဆင့်… ၁၀ ဒသမ ၅ သန်းအထိ အသုံးပြုသွားလာနိုင်မည်ဖြ…

နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ် ထွက်ခွာခရီးသည်အဆောင် (Departures Kerbside)ကို ဤသို့ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်သည်။

(သတင်းစဉ်)

နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ် အဆောက်အအုံပြီးစီးသွားပါက ပို့ဆောင်/ ကြိုဆိုသူများခန်းမဆောင် (Meeters / Greete Hall) ကို ဤသို့သန့်ရှင်းသပ်ရပ် ခေတ်မီလှပစွာ တွေ့မြင်ရမည်ဖြစ်သည်။

(သတင်းစဉ်)

သို့ရာတွင် နိုင်ငံတကာအဆင့်မီ အပြည်ပြည်ဆိုင်ရာ လေဆိပ်တစ်ခု၏ အင်္ဂါရပ်များနှင့် ကိုက်ညီသည့် လေဆိပ်ကြီးအဖြစ်တည်ဆောက်ရန် လိုအပ်လာမှုအရ ၂၀၀၇ခုနှစ် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေး အစည်းအဝေးတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ခွင့်ပြုချက်အရ နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်ရေးစီမံကိန်းကို ဆောင်ရွက်ရန် အေးရှားဝေါ(လ်)ကုမ္ပဏီလီမိတက်ကို ရွေးချယ်တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်ရေးစီမံကိန်းကိုတာဝန်ယူတည်ဆောက်မည့် အေးရှားဝေါ(လ်)ကုမ္ပဏီလီမိတက်သည် တိုင်းရင်းသားပိုင်ကုမ္ပဏီတစ်ခုဖြစ်ပြီး ယခု လုပ်ငန်းမတိုင်မီ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တိုးချဲ့အဆောက်အအုံကို အောင်မြင်စွာ တည်ဆောက်ပေးနိုင်ခဲ့သော၊ ဆောက်လုပ်ရေးလုပ်ငန်းအတွေ့အကြုံနှင့် ကျွမ်းကျင်မှုတွင် အစဉ်အလာရှိသောကုမ္ပဏီတစ်ခုဖြစ်သည်။**အေးရှားဝေါ(လ်)ကုမ္ပဏီလီမိတက်သည် ၂၀၀၈ ခုနှစ် ဇူလိုင်လမှစတင်၍ နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ် ဆောက်လုပ်ရန် အကြိုအင်ဂျင်နီယာလုပ်ငန်းများကိုဆောင်ရွက်ခဲ့ပြီး လေယာဉ်ကွင်း**

၇ မိုင်အကွာ၊ အေလာမြို့၏အနောက်ဘက် နှစ်မိုင်ခန့် အကွာတွင် မူလလေဆိပ်နှင့် ဆက်စပ်လျက် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

ယခုအခါ နေပြည်တော်သို့ နိုင်ငံတကာမှ အကြီးအကဲများ၊ ဧည့်သည်တော်များ၊ ချစ်ကြည်ရေးခရီးစဉ်များ လာရောက်လျက်ရှိပြီး အဆိုပါခရီးစဉ်များတွင် လက်ရှိနေပြည်တော်လေဆိပ်ကို အသုံးပြုလျက်ရှိသည်။ လက်ရှိနေပြည်တော်လေဆိပ်ကို အေးရှားဝေါ(လ်)ကုမ္ပဏီလီမိတက်က ၂၀၀၂ ခုနှစ် မေ၂၃ရက်တွင် မြေကြီးလုပ်ငန်းများ စတင်ဆောင်ရွက်ပြီး ၂၀၀၄ ခုနှစ် ဧပြီ ၂ရက်တွင် ပြီးစီးမှုများကို လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနသို့အပ်နှံခဲ့ရာမှ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနသည် ၂၀၀၄ခုနှစ် ဧပြီ ၂၂ရက်တွင် ကာကွယ်ရေးဝန်ကြီးဌာန စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးသို့ စီမံကိန်းကို ဆက်လက်တာဝန်ယူတည်ဆောက်ရန် အပ်နှံခဲ့သည်။

စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးသည် ဘိုးရင်း-၇၄၇ လေယာဉ်ကြီးများ အထိဆင်းသက်နိုင်သော အလျား ပေ ၁၂၀၀၀၊ အကျယ်ပေ၂၀၀ရှိ လေယာဉ်ပြေးလမ်း၊ အလျားပေ ၅၀၀၊ အကျယ်ပေ ၁၃၀ ရှိ လေယာဉ်သွားလမ်း၊ အလျားပေ ၆၀၀၊ အကျယ်ပေ ၄၀၀ရှိ လေယာဉ်ရပ်နား နေရာနှင့် လေဆိပ်အဆောက်အအုံတို့ကို တည်ဆောက်ခဲ့ရာ ၂၀၀၅ခုနှစ် နိုဝင်ဘာလ ၁၂ ရက်တွင် နေပြည်တော်လေဆိပ်သို့ ခရီးသည်တင်လေယာဉ်များ စတင်ဆင်းသက် အသုံးပြုနိုင်ခဲ့သည်။

ပစ္စည်းရွေးယူရန်နေရာ

နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်အဆောက်အအုံ ပြီးစီးသွားပါက ပြည်ပ ဆိုက်ရောက်ပစ္စည်း ရွေးယူရန်နေရာ (International Baggage Claim) ကို ဤသို့တွေ့မြင်ရမည်ဖြစ်သည်။

(သတင်းစဉ်)

နှင့် သက်ဆိုင်သည့် လုပ်ငန်းများကို ၂၀၀၉ခုနှစ် ဇန်နဝါရီလ၌ စတင် လုပ်ကိုင်ခဲ့သည်။

နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ် အဆောက်အအုံ၏ ဒီဇိုင်းပုံစံကို စင်ကာပူနိုင်ငံမှ CPG Consultants Pte., Ltd. က တာဝန်ယူ ရေးဆွဲပေးခြင်းဖြစ်သည်။ CPG ကုမ္ပဏီသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တိုးချဲ့ အဆောက်အအုံ၏ ဒီဇိုင်းပုံစံကို ရေးဆွဲပေးခဲ့သည့် ကုမ္ပဏီဖြစ်ပြီး စင်ကာပူနိုင်ငံ ချန်ဂီလေဆိပ်အဆောက်အအုံနှင့်ဗီယက်နမ်နိုင်ငံ၊ လာအိုနိုင်ငံတို့မှ လေဆိပ်အဆောက်အအုံများကိုလည်း ပုံစံထုတ် ဒီဇိုင်းရေးဆွဲပေးခဲ့သည်။

နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်တည်ဆောက်ရေးစီမံကိန်းကို အဆင့်သုံးဆင့်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် စီစဉ်ထားသည်။ စီမံကိန်းပထမအဆင့်ပြီးစီးပါကတစ်နှစ်လျှင် ခရီးသည်၃ဒသမ၅သန်း အသုံးပြုသွားလာနိုင်မည်ဖြစ်ပြီး စီမံကိန်း တတိယအဆင့် ပြီးစီးပါက ခရီးသည် ၁၀ဒသမ၅သန်းအထိအသုံးပြုသွားလာနိုင်မည်ဖြစ်သည်။

နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်တည်ဆောက်ရေးစီမံကိန်း၏ ပထမအဆင့်တွင် တစ်နှစ်လျှင် ခရီးသည် ၃ဒသမ၅သန်း ဝင်ထွက်သွားလာနိုင်သောလေဆိပ်အဆောက်အအုံ၊ လေယာဉ်ရပ်နားရန်နေရာ၊ ခရီးသည်ပေါင်းကူးတံတားများ၊လေဆိပ်ဆက်စပ်အဆောက်အအုံများနှင့် လေကြောင်းထိန်းမျှော်စင်တို့ ပါဝင်မည်ဖြစ်ရာ အေးရှားဝေါ(လ်)ကုမ္ပဏီလီမိတက်သည် နေပြည်တော် အပြည်ပြည်ဆိုင်ရာ

စာမျက်နှာ ၁၀ ကော်လံ ၁

နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်၌ လေဆိပ်အဆောက်အအုံ ပင်မဆောင်ဆောက်လုပ်ရာတွင် အသုံးပြုမည့် ကွန်ကရစ်ပိုင်တိုင်များကို ဤသို့ ပုံသွင်းလောင်းပြုလျက်ရှိသည်။

(သတင်းစဉ်)

ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်ရေးစီမံကိန်းကို
င်အထည်ဖော် ဆောင်ရွက်ရန် စီစဉ်ထား၊ စီမံကိန်း
တစ်နှစ်လျှင် ခရီးသည် ၃ ဒသမ ၅ သန်း အသုံးပြု
စီမံကိန်း တတိယအဆင့် ပြီးစီးပါက ခရီးသည်
သုံးပြုသွားလာနိုင်မည်ဖြစ်။



နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ် တည်ဆောက်ပြီးစီးသွားပါက အပေါ်စီးမြင်ကွင်းကို ဤသို့ တွေ့ရမည်ဖြစ်သည်။ (သတင်းစဉ်)

စာမျက်နှာ ၉ မှ

လေဆိပ် တည်ဆောက်ရေးစီမံကိန်း ပထမအဆင့်၌ ပါဝင်သော လေဆိပ် အဆောက်အအုံ၏ ပင်မဆောင်နှင့် ချဉ်းကပ်လမ်းကို အင်ဂျင်နီယာနှင့် အုပ်ချုပ်စီမံဝန်ထမ်း စုစုပေါင်း၂၀၀ကျော်ဖြင့် စတင်ဆောင်ရွက်နေပြီ ဖြစ်သည်။ စီမံကိန်းတစ်ခုလုံး၏ အရည်အသွေးထိန်းသိမ်းရေး (Q/C)နှင့် ပတ်သက်၍ ပို့ဆောင်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ညွှန်ကြားမှုဦးစီးဌာန (DCA)မှ ကျွမ်းကျင်သူများက အနီးကပ်ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ နေပြည်တော်လေဆိပ်ကို နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သစ်ကြီးအဖြစ် တိုးမြှင့်ဆောက်လုပ်ခြင်း မပြုမီ လက်ရှိ အသုံးပြုလျက်ရှိသော နေပြည်တော်လေဆိပ်အကြောင်း သိရှိနိုင်ရန်အတွက် လက်ရှိ အသုံးပြုနေသော နေပြည်တော်လေဆိပ်၏တာဝန်ခံ ဒုတိယအထွေထွေမန်နေဂျာ ဦးစိန်ဝင်းအား နေပြည်တော် လေဆိပ်ပြေးလမ်းနှင့် အချက်ပြစနစ်များ တပ်ဆင်ထားမှု အခြေအနေကိုမေးမြန်းရာတွင် **"လက်ရှိအသုံးပြုနေတဲ့ လေယာဉ်ပြေးလမ်း အတိုင်းအတာက ပေ(၁၂၀၀၀×၂၀၀)၊ လေယာဉ်အဝင်လမ်းက ပေ(၅၀၀×၄၀၀)၊ လေယာဉ်ရပ်နား နေရာက ပေ(၆၀၀×၄၀၀)၊ ပြေးလမ်း အထူ ၂၆ လက်မ၊ ပြေးလမ်းအမျိုးအစားကွန်ကရစ်၊ ပြေးလမ်းခံနိုင်အား ပေါင် ၈၇၃၀၀၀ ဖြစ်ပါတယ်။ တပ်ဆင်ထားတဲ့ခေတ်မီအချက်ပြကိရိယာတွေကတော့ VOR တည်ထားတဲ့နေရာနဲ့ လေယာဉ်ရောက်ရှိနေရာမှ ဒီဂရီကိုပြတဲ့ ကိရိယာ (VHF Omni Directional Radio Range)၊ လေယာဉ်ကွင်း တည်ထားတဲ့ နေရာပြကိရိယာ(Non-Directional Radio Bacon)၊ အဖြောင့် အကွာအဝေးတိုင်းကိရိယာ (Distance Measuring Equipment) နဲ့ လေယာဉ်ဆင်းသက်မှု အထောက်အကူပြုစနစ် (Instrument Landing System) တွေ ဖြစ်တဲ့ ပြေးလမ်း ဗဟိုမျဉ်း အချက်ပြစနစ် (Runway Center Line)၊ အလင်းရောင် သုံးနိမ့်ထောင့် ၃ ဒီဂရီပြ ကိရိယာ (Precision Approach Path Indicator)၊ လေယာဉ် ဆင်းသက်သည့် နိမ့်ထောင့် ၃ဒီဂရီပြကိရိယာ (Glide Path) နဲ့ လေယာဉ် ဆင်းသက်ရမည့်နေရာ အကွာအဝေးပြကိရိယာ (ILS DME) တို့ပဲ ဖြစ်ပါတယ်။ လက်ရှိ နေပြည်တော်လေဆိပ်မှာ မည်သည့် လေယာဉ်အမျိုးအစားမဆို ဆင်းသက်နိုင်ပါတယ်"**ဟု ပြောကြားသည်။

ထို့အတူ နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သစ်ကြီး တည်ဆောက်ရေး စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော အေးရှားဝေါ(လ်) ကုမ္ပဏီလီမိတက်မှ စီမံကိန်းဒါရိုက်တာဦးနေလင်းအား တည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ မေးမြန်းရာ "နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်ရေး စီမံကိန်းကို ဒီဇိုင်းရေးဆွဲတဲ့ CPG ကုမ္ပဏီကတော့ သူတို့အတွေ့အကြုံအရ ပထမအဆင့်ပြီးစီးဖို့ လပေါင်း ၃၀လောက်ကြာမယ်လို့ ခန့်မှန်းပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ကတော့ ဒီထက်စောပြီးနိုင်အောင် ကြိုးစားဆောင်ရွက်သွားမှာပါ။ အပြည်ပြည်ဆိုင်ရာလေဆိပ် အဆောက်အအုံတည်ဆောက်ရတာဟာ တခြားဆောက်လုပ်ရေးလုပ်ငန်းတွေဖြစ်တဲ့ လမ်းဖောက်၊ တံတားဆောက်တာတို့၊ ကျောင်းဆောက်တာတို့၊ အိမ်ဆောက်ရတာမျိုးနဲ့ မတူပါဘူး။ သာမန် အဆောက်အအုံများမှာ မပါဝင်တဲ့ Air Conditioning Mechanical Ventilation (ACMV) System, Flight Information Display System (FIDS), Baggage Handling System (BHS), Departure Control System, Security Screening System စတဲ့ အပြည်ပြည်ဆိုင်ရာ လေဆိပ်တစ်ခုမှာ ပါသင့် ပါထိုက်တဲ့ Airport Specialist System အမယ်မျိုးစုံကို တစ်ခုနဲ့တစ်ခု အံ့ဝင်ခွင်ကျမှုရှိအောင်ပေါင်းစပ်တည်ဆောက်ရတာဖြစ်ပါတယ်။ ဒ့ါအပြင်အဆောက်အအုံ နံရံနဲ့ ခေါင်မိုးတွေကို အသံလုံအောင်၊ လေယာဉ်အင်ဂျင်စက်သံကြောင့် ဖြစ်ပေါ်လာမယ့် တုန်ခါမှုခံနိုင်အောင်၊ အပူချိန်ထိန်းနိုင်အောင် တည်ဆောက်ရပါတယ်။

နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်ရဲ့ဒီဇိုင်းပုံစံဟာ ခေတ်မီ သွက်လက်တဲ့ပုံသဏ္ဍာန်ဖြစ်ပြီး ခရီးသည်တွေ အလွယ်တကူ သက်သောင့်သက်သာနဲ့ လေဆိပ်အတွင်း ချဉ်းကပ် ဝင်ရောက်သွားလာနိုင်တဲ့ ဒီဇိုင်းမျိုးလည်း ဖြစ်ပါတယ်။ နိုင်ငံတကာက အပြည်ပြည်ဆိုင်ရာလေဆိပ်တစ်ခုမှာ ရှိသင့်ရှိထိုက်တဲ့ ခေတ်မီအပြင်အဆင်နဲ့ စက်ကိရိယာပစ္စည်းအားလုံး ထည့်သွင်းတည်ဆောက်သွားမှာ ဖြစ်ပါတယ်။ ပုံစံအရ ခေတ်မီသလို အသုံးပြုသူတွေလည်း အဆင်ပြေမှာဖြစ်ပါတယ်။ နောက်ဆုံးပေါ် စက်ပစ္စည်း ကိရိယာတွေကိုသုံးပြီး တည်ဆောက်မှာဖြစ်တဲ့အတွက် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်အဆောက်အအုံနဲ့ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ် အဆောက်အအုံတွေထက် ပိုပြီး ခေတ်မီဆန်းသစ်မယ်လို့ ပြောနိုင်ပါတယ်။

အေးရှားဝေါလ်ကုမ္ပဏီအနေနဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်အဆောက်အအုံ ဆောက်လုပ်ခဲ့တဲ့ အတွေ့အကြုံရခဲ့ပြီးပါပြီ။ အခုစီမံကိန်းဟာ ဒုတိယမြောက်ဖြစ်ပါတယ်။ CPG ကုမ္ပဏီကထုတ်တဲ့ ဒီဇိုင်းအပေါ်မှာ ကျွန်တော်တို့ဆီက လက်သမား၊ ပန်းရန်နဲ့ သံချည်သံကွေးသမားတွေ နားလည်အောင် မြန်မာမှုပြုရတာ အချို့ ရှိမှာဖြစ်ပေမယ့် ကျွန်တော်တို့ မြန်မာတွေရဲ့ ပင်ကိုထက်မြက်မှုကြောင့် ဒီဇိုင်းမှာပါတဲ့အတိုင်း ထပ်တူဖြစ်အောင်တည်ဆောက်နိုင်ပါတယ်။ ခေတ်မီတယ် ဆိုတဲ့နေရာမှာ လေဆိပ်အဆောက်အအုံတစ်ခုတည်း ခေတ်မီနေတာမျိုးမဟုတ်ဘဲ ပတ်ဝန်းကျင်ကလည်း လိုက်ဖက် ခေတ်မီအောင် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်မှုနဲ့ မြေအလှပြုပြင်မှုလုပ်ငန်းတွေကိုလည်း ထည့်သွင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု ပြောကြားသည်။

နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ် တည်ဆောက်ရေးစီမံကိန်း၏ ပထမအဆင့် တည်ဆောက်မှုလုပ်ငန်းများတွင် လေယာဉ်ပြေးလမ်း (Run Way) ပါဝင်မည်မဟုတ်ဘဲ လက်ရှိအသုံးပြုနေသော အဆင့်မီနေပြည်တော် လေဆိပ်လေယာဉ်ပြေးလမ်း (Run Way) ကိုသာ ဆက်လက်အသုံးပြုမည် ဖြစ်သည်။ ဒုတိယအဆင့်၊ တတိယအဆင့်တည်ဆောက်မှုလုပ်ငန်းများကျမှသာ နောက်ထပ်လေယာဉ်ပြေးလမ်း (Run Way)များ ပါဝင်လာမည်ဖြစ်သည်။

စီမံကိန်းအဆင့်(၁) တည်ဆောက်မှုလုပ်ငန်းများတွင် မီတာအလျား ၃၇၀၀၊ အကျယ် ၃၀ဒသမ ၅မီတာ ရှိသည့် လေယာဉ်သွားလမ်း(Taxi Way)၊ တစ်ပြိုင်တည်း လေယာဉ်၁၀စင်း ရပ်နားနိုင်သော အလျား၄၀၃မီတာ၊ အကျယ် ၃၃၆ မီတာ စုစုပေါင်းဧရိယာ ၁၃၅၄၀၈စတုရန်းမီတာ ကျယ်ဝန်းသည့် လေယာဉ်ရပ်နားနေရာ (Apron)၊ လေဆိပ်အဆောက်အအုံ (Passenger Terminal Building)၊ ချဉ်းကပ်လမ်း၊ ကားရပ်နားရန်နေရာ(Car Parking)၊ လေကြောင်းထိန်းမျှော်စင် (Control Tower)နှင့်အခြားအထောက်အကူပြုလုပ်ငန်းများ ပါဝင်မည်ဖြစ်သည်။

စီမံကိန်းအဆင့်(၂) တည်ဆောက်မှုလုပ်ငန်းများတွင် တည်ဆောက်ပြီးလေဆိပ်အဆောက်အအုံ၏ အရှေ့ဘက်၌ ပေ(၁၂၀၀×၁၂၀၀)ရှိ လေယာဉ်ရပ်နားနေရာတစ်ခု၊ VIP လေယာဉ်ရပ်နားနေရာတစ်ခု တည်ဆောက်ပြီး လေဆိပ်အဆောက်အအုံ၌ ခရီးသည် အတက်/အဆင်းတံတား လေးခု တိုးချဲ့ခြင်း၊ Flight Catering အဆောက်အအုံ၊ Government Complex အဆောက်အအုံနှင့် Airport Maintenance Base တို့ ပါဝင်တည်ဆောက်မည်ဖြစ်သည်။

စီမံကိန်းအဆင့်(၃)တွင်တည်ဆောက်ပြီး လေဆိပ်ပင်မအဆောက်အအုံ၌ ခရီးသည် အတက်/အဆင်းတံတား ၁၇စင်း တိုးချဲ့တည်ဆောက်ခြင်း၊ တည်ဆောက်ပြီး လေယာဉ်သွားလမ်းနှင့်အပြိုင်Dual Parallel Taxiway ပေ(၁၂၀၀×၁၀၀) တစ်ခု၊ လေဆိပ်အဆောက်အအုံ၏ အရှေ့ဘက်ခြမ်းတွင် လေယာဉ်ပြေးလမ်း ပေ(၁၂၀၀၀×၂၀၀)တစ်ခု၊Dual Parallel Taxiway ပေ(၁၂၀၀၀×၁၀၀) တစ်စုံ၊ လေယာဉ် အမြန်ဝင်/ထွက်လမ်း ပေ(၆၅၀×၁၀၀)လေးခု၊လေယာဉ်ဝင်/ထွက်လမ်း ပေ(၅၅၀×၁၀၀) လေးခုနှင့် ကုန်တင် လေယာဉ်ရပ်နားနေရာတို့ ပါဝင်တည်ဆောက်မည်ဖြစ်သည်။

တစ်နှစ်လျှင် နိုင်ငံတကာခရီးသည် နှစ်သန်း၊ ပြည်တွင်းခရီးသည် ၁ဒသမ၅ သန်း စုစုပေါင်း ၃ဒသမ၅သန်း အသုံးပြုနိုင်သောလေဆိပ် ပင်မအဆောက်အအုံတွင် ၁၇၁၇၄စတုရန်းမီတာ ကျယ်ဝန်းသော ပင်မအဆောင်၊ ၃၂၂၄ စတုရန်းမီတာ ကျယ်ဝန်းသော အရှေ့ဘက်အဆောင်နှင့် အနောက်ဘက်အဆောင်၊ ၅၈၁၂စတုရန်းမီတာကျယ်ဝန်းသောမြောက်ဘက်အဆောင် စသည်တို့ ပါဝင်သည်။ အဆောက်အအုံတစ်ခုလုံးရှိ မြေညီထပ်၊ ထပ်ခိုးနှင့် ပထမထပ်တို့၏ စုစုပေါင်း ဧရိယာသည် စတုရန်း မီတာ ၆၃၀၀၀ရှိသည်။

နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ် တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင် ပင်မဆောင်ဆောက်လုပ်မည့် နေရာ၌ စက်ယန္တရားကြီးများဖြင့် အပေါ်ယံ မြေသားလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်ကို ဤသို့ တွေ့ရသည်။ (သတင်းစဉ်)

လေဆိပ်အဆောက်အအုံသည် သံကူကွန်ကရစ်အုတ်မြစ်ပိုင်တိုင် အမျိုးအစား နှစ်ထပ်အဆောက်အအုံဖြစ်ပြီး မြေညီထပ်ကို ဆိုက်ရောက် ခရီးသည်များ အသုံးပြုရန်နှင့် ပထမထပ်ကို ထွက်ခွာခရီးသည်များ အသုံးပြုရန် ရည်ရွယ်ထားသည်။ အနောက်ဘက် အဆောင်သည် ပြည်တွင်းခရီးသည်များ အသုံးပြုရန်အတွက်ဖြစ်ပြီး အရှေ့ဘက်အဆောင်နှင့် မြောက်ဘက် အဆောင်သည် ပြည်ပ ခရီးသည်များ အသုံးပြုရန်ဖြစ်သည်။

ခေတ်မီစက်ပစ္စည်းများကို ခရီးသည်ကောင်တာများ၊ နိုင်ငံကူးလက်မှတ် စိစစ်ရာနေရာ၊ အထွက်ခရီးသည် အကောက်ခွန်စစ်ဆေးရေး ကောင်တာ၊ အဝင်ခရီးသည် အကောက်ခွန်စစ်ဆေးရေးကောင်တာနှင့် ဆိုက်ရောက် ခရီးသည် ဝန်စည်စလယ် ရွေးယူရာနေရာတို့တွင် တပ်ဆင်မည်ဖြစ်သည်။

လေဆိပ်ချဉ်းကပ်လမ်းသည် (Two Way/Four Lane) ဖြစ်ပြီး မီတာ ၁၅၀၀ရှည်လျားသည်။ ကားရပ်နားရန်နေရာသည် အလျားမီတာ ၂၀၀၊ အနံ ၁၀၇ မီတာ ဧရိယာ စုစုပေါင်း စတုရန်း မီတာ ၂၁၄၀၀ကျယ်ဝန်းသည်။ လေကြောင်းထိန်းမျှော်စင် (Control Tower)သည် ၆၂မီတာမြင့်ပြီး ပထမအဆင့်၊ ဒုတိယအဆင့်နှင့် တတိယအဆင့် တည်ဆောက်မည့် လုပ်ငန်းအားလုံးကို ထိန်းသိမ်းကွပ်ကဲနိုင်မည်ဖြစ်သည်။ ။

နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ် တည်ဆောက်ရေးစီမံကိန်း၏ ပထမအဆင့်တွင်ပါဝင်သော အဆောက်အအုံများအတွက် မြေသားလုပ်ငန်းကို မိုးမကျမီ ပြီးစီးရေး မြေသယ်ယာဉ်ကြီးများဖြင့် ဤသို့ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ (သတင်းစဉ်)

မြန်မာ့လက်ဝှေ့ နိုင်ငံတကာသို့ထိုးဖောက်နိုင်ရေးညှိနှိုင်းဆွေးနွေး မြန်မာ့ရိုးရာလက်ဝှေ့သင်တန်းကျောင်း မကြာမီဖွင့်လှစ်မည်

ရန်ကုန် ဧပြီ ၂၄

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးနှင့် မြန်မာ-ဂျပန်ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲအတွက် အမှုဆောင်များ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲ၁နာရီက ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) အဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ UMFCCI ဥက္ကဋ္ဌ မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် အားကစားနှင့်ကာယပညာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်၊ ဒေါက်တာခင်မောင်ထွန်း (ထက်လင်းတိုင်းရင်းဆေး)နှင့် ဒေါ်ရီရီဝင်း၊ အတွင်းရေးမှူး ဦးကျော်ဆန်း(ညွှန်ကြားရေးမှူး၊ အား/ကာ)နှင့် အလုပ်အမှုဆောင်များ တက်ရောက်ကြသည်။

ရိုးရာလက်ဝှေ့

အစည်းအဝေးတွင် မေ ၂ရက်နှင့် ၃ရက်၌ ကျင်းပမည့် မြန်မာ-ဂျပန်မြန်မာ့ ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲနှင့် ပတ်သက်၍ ပွဲစီစဉ်သူ ဦးစိုင်းဇော်ဇော်(ဇော်ပစ်တိုင်း ထောင်ဗီဒီယို)ကလက်ရှိအခြေအနေများကို တင်ပြပြောကြားပြီး အလုပ်အမှုဆောင်များက မိမိတို့ သက်ဆိုင်ရာ ကဏ္ဍအလိုက် အကြံပြု ဆွေးနွေးကြသည်။

ပြောကြား

ဥက္ကဋ္ဌဦးဝင်းမြင့်က ယခုပွဲအတွက် လိုအပ်သည်များကို အဖွဲ့ချုပ်မှ ကူညီပံ့ပိုး ပေးမည်ဖြစ်ကြောင်း၊ မြန်မာ့ရိုးရာလက်ဝှေ့ကို နိုင်ငံတကာ Martial Arts နယ်ပယ်သို့ ထိုးဖောက်ရန် ရည်ရွယ်ထားသည့်အတွက် ယခုကဲ့သို့ ပြည်ပစိန်ခေါ်ပွဲများကို အခြေခံရမည်ဖြစ်ကြောင်း၊ လက်ရှိရိုးရာလက်ဝှေ့ကျော်များအသက်အရွယ်ကြောင့် အနားယူသွားကြသည့်အခါ မျိုးဆက်သစ် ရိုးရာလက်ဝှေ့သမားများက ဆက်လက်တာဝန်ယူကြရမှာဖြစ်ကြောင်း၊ မြန်မာ့ရိုးရာလက်ဝှေ့သည် ဘိုးဘေးဘီဘင်တို့၏ အမွေအနှစ် ပညာရပ်အဖြစ် ရှုမြင်သည့်အတွက် ယခုထက် ပိုမိုတိုးတက်ပြန့်ပွားတည်တံ့စေရန် ရိုးရာလက်ဝှေ့သင်တန်းကျောင်းတစ်ခုထူထောင်ရန် စီစဉ်ခြင်းဖြစ်ကြောင်း၊ ထို့အတွက် မကြာမီ သင်တန်းကျောင်း ဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်း၊ အဆောက်အအုံများပင် ပြီးစီးလုနီးပါး ရှိနေပြီဖြစ်ကြောင်း၊ သင်ရိုးညွှန်းတမ်းများ အချောသပ်ရေးဆွဲရန် ရိုးရာလက်ဝှေ့သမားဟောင်းကြီးများ ပါဝင်သည့် ပေါင်းစပ်ညှိနှိုင်းစည်းဝေးပွဲကြီး တစ်ရပ်ကို ဇွန်လတွင် ကျင်းပမည်ဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းကျောင်း

သင်တန်းကျောင်းကို "အားကစားဝန်ကြီးဌာနမြန်မာ့ရိုးရာလက်ဝှေ့သင်တန်းကျောင်းနှင့် လက်ရွေးစင်လေ့ကျင့်ရေးစခန်း"ဟု အမည်ပေးရန်လျာထားကြောင်း သိရပြီး အရိုးကိုအရွက်မဖုံးစေဘဲ ခေတ်မီနည်းစနစ်များ ထပ်မံဖြည့်တင်းသင်ကြားပေးမည်ဖြစ်ကြောင်းနှင့် ၎င်းသင်တန်းကျောင်းမှ ရိုးရာလက်ဝှေ့နည်းပြဆရာ သင်တန်း၊ ဒိုင်လူကြီး သင်တန်းများပါ ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

အတည်ပြု

ယခု အစည်းအဝေးမှ အလုပ်အမှုဆောင်ဟောင်းများ အနားယူသွားသည့်နေရာတွင် အလုပ်အမှုဆောင်အသစ်များအစားထိုး တာဝန်ပေးအပ်ရာ ဒုတိယဥက္ကဋ္ဌအသစ်များအဖြစ် ဒေါက်တာခင်မောင်ထွန်း (ထက်လင်းတိုင်းရင်းဆေး)နှင့် ဦးဝင်းဇင်ဦး(ပြည်ပဆက်ဆံရေး)တို့ကို အတည်ပြုပေးသည်။

ထိုးဖောက်နိုင်ရေး

ဒုတိယဥက္ကဋ္ဌဦးဝင်းဇင်ဦးက မြန်မာ-ဂျပန် ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲသို့ လာရောက်ယှဉ်ပြိုင်ကြမည့် ဂျပန်လက်ဝှေ့သမားများကို ဆက်သွယ်ညှိနှိုင်းခဲ့ရပုံများနှင့် ၎င်းတို့၏လက်ရှိအနေအထား၊ လုံးချောကို ဆာမူကာဝါက စိန်ခေါ်ခဲ့ခြင်းနှင့် ပတ်သက်သော အကြောင်းများ၊ နည်းစနစ်နှင့် ပတ်သက်၍ ညှိနှိုင်းခဲ့ရပုံများ ရှင်းလင်းပြောကြားပြီး မြန်မာ့ရိုးရာလက်ဝှေ့ကို နိုင်ငံတကာသို့ ထိုးဖောက်နိုင်ရေးအတွက် ဈေးကွက်အမြင်နှင့် အမျိုးသားရေးအမြင် ဟန်ချက်ညီညီ ဆောင်ရွက်နိုင်ရေးကို ဆက်လက်ဆွေးနွေးသည်။

မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ် အလုပ်အမှုဆောင်အစည်းအဝေးကို နှစ်လတစ်ကြိမ်ပုံမှန်ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် အထူးအစည်းအဝေးများကို အခြေအနေလိုအပ်ချက်အရ ကျင်းပသွားမည်ဖြစ်ကြောင်း ဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကား၌ ပြောကြားသည်။

(မြန်မာ့အလင်း)

မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့် အမှာစကား ပြောကြားစဉ်။

(မြန်မာ့အလင်း)

မြို့တော်ဂေါက်ကွင်း၌ တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဧပြီ ၂၄

ဦးအင်ဒရူးဘိုင်းလျှန်အုပ်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့တော်ဂေါက်ကွင်း ငွေသော်တာတွင်း၌ ဧပြီ ၁၉ရက် မွန်းလွဲ ၂နာရီခွဲ၌ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ် (၅)၌ ၁၅၄ကိုက်အကွာမှ SRIXON NO .1 ဘောလုံးကို HONMA NO-7တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့သည်။

အတူကစားလျက်ရှိ

ထိုအချိန်၌ ကစားဖော်များဖြစ်ကြသော ဦးဝင်းငွေ၊ ဦးမြတ်လွင်၊ ဦးသက်ထွန်းညွန့်၊ ဦးအေးလင်းမောင်တို့ အတူကစားလျက်ရှိသည်။

(မြို့တော်ဂေါက်ကွင်း)

မြန်မာဘောလုံးအသင်း၏ ၂၀၁၁ အာရှဖလား ဝင်ခွင့်မျှော်လင့်ချက်အတွက် ပထမခြေလှမ်း

ရန်ကုန် ဧပြီ ၂၄

သတင်းမှတ်စုနှင့်ဓာတ်ပုံ - ဖိုးသော်ဇင် ❖ စာမျက်နှာဖွဲ့စည်းမှု - ဝင်းချို(မြန်မာ့အလင်း)

မြန်မာအသင်းဝင်ရောက်ယှဉ်ပြိုင်မယ့် ၂၀၁၀ AFC Challenge Cup ဘောလုံးပြိုင်ပွဲ၏ ခြေစစ်ပွဲအုပ်စု(က) ပွဲစဉ်တွေကို ဧပြီ ၂၆ရက်မှ ၃၀ရက်အထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ ကျင်းပတော့မှာ ဖြစ်ပါတယ်။ ၂၀၁၀ AFC Challenge Cup ဘောလုံးပြိုင်ပွဲမှာ ဗိုလ်စွဲမယ့်အသင်းဟာ လာမယ့် ၂၀၁၁အာရှဖလားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရမှာဖြစ်လို့ AFC Challenge Cup ပြိုင်ပွဲရဲ့ နောက်ဆုံးအဆင့်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရဖို့ ဒီခြေစစ်ပွဲဟာ ပထမခြေလှမ်းလို့လည်း ပြောလို့ရပါတယ်။ ဒါ့အပြင် တစ်ချိန်က အာရှအဆင့်မှာ အောင်မြင်မှုတွေရခဲ့တဲ့ မြန်မာ့လက်ရွေးစင်အသင်းအတွက် အာရှဖလားပြိုင်ပွဲကို တစ်ကျော့ပြန် ပြန်လည်ယှဉ်ပြိုင်ခွင့်ရဖို့ မျှော်လင့်ချက်လည်း ဖြစ်ပါတယ်။

နှစ်နှစ်တစ်ကြိမ်

အာရှဘောလုံးအဖွဲ့ချုပ် (AFC)ဟာ AFC Challenge Cup ဘောလုံးပြိုင်ပွဲကို ၂၀၀၆ခုနှစ်ကစပြီး နှစ်နှစ်လျှင် တစ်ကြိမ်နှုန်းဖြင့် ကျင်းပပေးလျက်ရှိပါတယ်။ ပြီးခဲ့တဲ့ ၂၀၀၈ခုနှစ်ပြိုင်ပွဲနဲ့ လာမယ့် ၂၀၁၀ပြိုင်ပွဲတွေမှာ ဗိုလ်စွဲတဲ့အသင်းတွေကို ၂၀၁၁အာရှဖလားဘောလုံးပြိုင်ပွဲကို တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ပေးခဲ့ပြီး ပြိုင်ပွဲ အဆင့်အတန်းကို မြှင့်တင်ခဲ့ပါတယ်။ မြန်မာအသင်းဟာ AFC Challenge Cupပြိုင်ပွဲကို ၂၀၀၈ခုနှစ် ဒုတိယအကြိမ်ပြိုင်ပွဲကစပြီး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။

AFC Challenge Cup ဘောလုံး ခြေစစ်ပွဲဝင် မြန်မာအသင်းကို ရန်ကုန်မြို့မှ မထွက်ခွာမီ တွေ့ရစဉ်။ (မြန်မာ့အလင်း)

မြန်မာအသင်းဟာ နောက်ဆုံးအဆင့်ပြိုင်ပွဲကနေ တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရခဲ့ပြီး အကြိုဗိုလ်လုပွဲ ရောက်ခဲ့ပေမယ့် ဗိုလ်လုပွဲနဲ့တော့ လွဲချော်ခဲ့ပါတယ်။ အဲဒီပြိုင်ပွဲမှာ အုပ်စု(ခ)၌ ပါဝင်ခဲ့ပြီး နီပေါကို သုံးဂိုး-ဂိုးမရှိ၊ သီရိလင်္ကာကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရပြီး မြောက်ကိုရီးယားကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့တာကြောင့် အုပ်စု ဒုတိယသာ ရခဲ့ပါတယ်။ အကြိုဗိုလ်လုပွဲမှာ အိမ်ရှင်အိန္ဒိယကို တစ်ဂိုး-ဂိုးမရှိနဲ့ရှုံးနိမ့်ခဲ့ပြီး ဗိုလ်လုပွဲနဲ့ ဝေးခဲ့ရသလို တတိယနေရာလုပွဲမှာလည်း မြောက်ကိုရီးယားနဲ့ ထပ်မံတွေ့ဆုံရာမှာ လေးဂိုးပြတ်နဲ့ ထပ်မံရှုံးနိမ့်ခဲ့ပါတယ်။

ခြေစစ်ပွဲ

၂၀၁၀ AFC Challenge Cup ပြိုင်ပွဲမှာတော့ မြန်မာအသင်းဟာ ခြေစစ်ပွဲကစ၍ ယှဉ်ပြိုင်ရမှာဖြစ်ပြီး ပြီးခဲ့တဲ့ ၂၀၀၈ ပြိုင်ပွဲတုန်းက ပထမရခဲ့တဲ့ အိန္ဒိယ အသင်း၊ ဒုတိယရခဲ့တဲ့ တာဂျစ်ကစ္စတန် အသင်းနဲ့ တတိယရခဲ့တဲ့ မြောက်ကိုရီးယား အသင်းတို့ကတော့ နောက်ဆုံးအဆင့်ကို တိုက်ရိုက်ကစားခွင့်ရထားပါတယ်။ အခု ခြေစစ်ပွဲကို ယှဉ်ပြိုင်တဲ့အသင်းပေါင်း ၁၅သင်းရှိပြီး လေးသင်း သုံးအုပ်စုနဲ့ သုံးသင်း တစ်အုပ်စုခွဲပြီး ကျင်းပခဲ့ပါတယ်။ အခုဆိုရင် မြန်မာအသင်းပါဝင်တဲ့ အုပ်စု(က) ပွဲစဉ်တွေသာ ကျန်တော့ပြီး ကျန်တဲ့သုံးအုပ်စုကတော့ ကျင်းပပြီးစီးသွားပြီဖြစ်ပါတယ်။ အုပ်စုတစ်အုပ်စုစီက ထိပ်ဆုံးလေးသင်းနဲ့ အကောင်းဆုံးအုပ်စု ဒုတိယရ တစ်သင်းတို့ ခြေစစ်ပွဲအောင်မှာဖြစ်ပြီး လက်ရှိအချိန်မှာတော့ အုပ်စု(ခ)က တာ့ခ်မင်နစ္စတန်အသင်း၊ အုပ်စု(ဂ)က ကာဇက်စတန်အသင်းနဲ့ အုပ်စု(ဃ)က သီရိလင်္ကာအသင်းတို့ဟာ အုပ်စုပထမနေရာတွေရပြီး ခြေစစ်ပွဲအောင်မြင်သွားပြီဖြစ်ပါတယ်။

အုပ်စု(က)

မြန်မာအသင်းဟာ ခြေစစ်ပွဲအုပ်စု (က)မှာ အိမ်ရှင်ဘင်္ဂလားဒေ့ရှ်၊ မကာအို၊ ကမ္ဘောဒီးယားတို့နဲ့ တစ်အုပ်စုတည်းကျရောက်နေပြီး ဧပြီ ၂၆ရက်မှာ မကာအိုအသင်း၊ ၂၈ရက်မှာ ဘင်္ဂလားဒေ့ရှ်အသင်း၊ ၃၀ရက်မှာ ကမ္ဘောဒီးယားအသင်းတို့နဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။ မြန်မာအသင်းနဲ့ တွေ့ဆုံမယ့် သုံးသင်းစလုံးဟာ လျှော့တွက်လို့မရတဲ့ အသင်းတွေဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်အသင်းဆိုရင် ပြီးခဲ့တဲ့ ၂၀၀၈ Grand Royal ပြိုင်ပွဲတုန်းက သုဝဏ္ဏကွင်းမှာ သရေကစားထားတဲ့ အသင်းဖြစ်ပါတယ်။

မြန်မာအသင်းဟာ လာမယ့် (၂၅) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှာ အောင်မြင်မှုရဖို့ ပြင်ဆင်တဲ့ အနေနဲ့ အသက်(၂၃)နှစ်အောက် ကစားသမားတွေနဲ့သာ ယှဉ်ပြိုင်မှာဖြစ်ပြီး လူရွေးပွဲများကစားကာ အသင်းကိုဖွဲ့စည်းလေ့ကျင့်ပြီး အပြီးသတ် ၂၀ကို ရွေးချယ်ထားတာဖြစ်ပါတယ်။ မတ် ၈ရက်ကစပြီး စခန်းဝင်လေ့ကျင့်ခဲ့တာဖြစ်ပြီး အဲဒီကာလအတွင်း မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင် ပရိုအသင်းတွေဖြစ်တဲ့ Delta United F.C နဲ့နှစ်ပွဲ၊ ကမ္ဘောဇ F.C၊ မကွေး F.C တို့နဲ့ တစ်ပွဲစီ ခြေစမ်းကစားထားရာမှာ လေးပွဲစလုံး အနိုင်ရရှိထားပါတယ်။ အခု ခြေစစ်ပွဲဝင်အသင်းမှာ ပြီးခဲ့တဲ့ ၂၀၀၈ AFC Challenge Cup ပြိုင်ပွဲဝင် အသင်းက ၁၀ဦးပြန်ပါလာပြီး တင်ဝင်းအောင်၊ စိုးမင်းနိုင်၊ ပြည့်ဖြိုးဦးနဲ့ ဇော်မိုးထက်(ဂိုး) တို့ဟာလည်း မြန်မာ့လက်ရွေးစင်အဖြစ် ပထမဦးဆုံးအကြိမ် ရွေးချယ်ခံခဲ့ရပါတယ်။

သူတို့ပါဝင်

၂၀၁၀ AFC Challenge Cup ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မယ့် မြန်မာ့လက်ရွေးစင်အသင်းမှာ အဖွဲ့ခေါင်းဆောင်အဖြစ် ဦးလှငွေး (Sara F.C)၊ အုပ်ချုပ်သူအဖြစ် ဦးတင်ဟန်(မကွေး F.C)၊ နည်းပြချုပ်အဖြစ် ဦးတင်မြင့်အောင်၊ လက်ထောက်နည်းပြအဖြစ် ဦးဇော်ဝင်းထွန်း(မကွေး F.C)၊ ဂိုး-နည်းပြအဖြစ် ဦးအောင်ကျော်ကျော် (Delta United)၊ ဆေးမှူးအဖြစ် ဒေါက်တာအောင်ကျော်ဦး၊ သူနာပြုအဖြစ် ဦးဘကြိုင်၊ အားကစားသမားများအဖြစ် **ဂိုးသမား** - ကျော်ဇင်ထက်(ကမ္ဘောဇ)၊ ဇော်မိုးထက်(ဧယျာရွှေမြေ)၊ **နောက်တန်း** ခင်မောင်လွင် (ကမ္ဘောဇ)၊ မျိုးဇော်ထွန်း (ဧယျာရွှေမြေ)၊ မိုးဝင်း(ကမ္ဘောဇ)၊ အေးဆန်း(ကမ္ဘောဇ)၊ ဝင်းမင်းထွဋ် (ကမ္ဘောဇ)၊ ဟန်ဝင်းအောင် (ကမ္ဘောဇ)၊ **အလယ်တန်း**-မျိုးမင်းထွန်း (ရန်ကုန်ယူနိုက်တက်)၊ ပိုင်စိုး(ရတနာပုံ F.C)၊ ဇော်ထက်အောင်(မကွေး F.C)၊ စိုးသီဟအောင်(Delta United)၊ တင်ဝင်းအောင် (ရန်ကုန်ယူနိုက်တက်)၊ ဘိုဘိုအောင် (မကွေး F.C)၊ အောင်မျိုးသန့် (ဧယျာရွှေမြေ)၊ စိုးမင်းနိုင်(မကွေး F.C)၊ **ရှေ့တန်း**-ရာဇာဝင်းသိန်း(ဧယျာရွှေမြေ)၊ ပြည့်ဖြိုးဦး(မကွေး F.C)၊ ထွန်းထွန်းဝင်း (ရတနာပုံ F.C)နဲ့ အောင်ကျော်မျိုး(Delta United)တို့ ပါဝင်သွားကြပါတယ်။

မြန်မာအသင်းဟာ ခြေစစ်ပွဲ ပွဲစဉ်တွေယှဉ်ပြိုင်ဖို့ ဧပြီ ၂၄ရက် နံနက် ၁၀နာရီ ၁၅မိနစ်မှာ ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားပြီ ဖြစ်ပါတယ်။ ။ **(မြန်မာ့အလင်း)**

25-4 (11).pmd 1 4/25/2009, 3:00 AM

စစ်တွေမြို့ ပြည်တော်သာဘူတာရုံ ဆောက်လုပ်မည့်နေရာနှင့် ရေချမ်းပြင်ဘူတာရုံအဝင် ကားလမ်းကူးတံတား ဆောက်လုပ်နေမှု

တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၄

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးသည် ဧပြီ ၁၅ရက်က ဝါဘိုကျေးရွာရှိ အဘိုးအဘွားများအား ပူဇော်ကန်တော့ပွဲသို့ တက်ရောက်၍ တိုင်းမှူး မိသားစုနှင့် အလှူရှင်များက အလှူငွေပေးအပ်ကန်တော့ကြပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ မီးအိမ်၊ အဝတ်အထည်၊ အစားအစာနှင့် ကစားစရာများ ထောက်ပံ့ပေးအပ်သည်။ ဆက်လက်၍ တိုင်းမှူးသည် ကျေးရွာအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

တိုင်းမှူးနှင့် ဇနီးတို့သည် ဧပြီ ၁၆ ရက်က ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါ၍ အတာသင်္ကြန်မဏ္ဍပ်များသို့ သွားရောက်ကြည့်ရှုအားပေးပြီး ဂုဏ်ပြုဆုငွေများ ပေးအပ်ကြသည်။

ဆုပေးအပ်

တိုင်းမှူး၊ ဇနီးနှင့် တာဝန်ရှိသူများသည် ဦးဥတ္တမပန်းခြံသင်္ကြန်ဗဟိုမဏ္ဍပ်၌ ကျင်းပသော ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြပြီး ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

တိုင်းမှူး၊ ဇနီးနှင့် တာဝန်ရှိသူများသည် ဧပြီ ၁၇ရက်က ဦးဥတ္တမခန်းမ၌ ကျင်းပသော မြန်မာ့ရိုးရာ သက်ကြီးပူဇော်ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး သက်ကြီးအဘိုး၊ အဘွားများအား တိုင်းမှူးနှင့် ဇနီး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အလှူရှင်များက ငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။

မှာကြား

တိုင်းမှူးသည် ဧပြီ ၁၈ရက်တွင် စစ်တွေမြို့ ပြည်တော်သာရပ်ကွက်ရှိ ပြည်တော်သာ ဘူတာရုံ ဆောက်လုပ်မည့် နေရာသို့ရောက်ရှိပြီး တာဝန်ရှိသူတို့က လုပ်ငန်းဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြမှုအပေါ် တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးသည် ပြည်တော်သာရပ်ကွက် အခြေခံပညာမူလတန်းကျောင်း ပြင်ဆင်ဆောက်လုပ်နေမှုအခြေအနေ၊ ဘုမေရပ်ကွက် ဝေသာလီအားကစားခန်းမအနီး စစ်တွေဘူတာကြီးဆောက်လုပ်မည့်နေရာ၊ မီးရထားသံလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေနှင့် စစ်တွေနည်းပညာတက္ကသိုလ်အနီးတွင် ဆောက်လုပ်မည့် ရေချမ်းပြင်ဘူတာ ဘူတာရုံအဝင် ကားလမ်းကူးတံတား ဆောက်လုပ်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျန်းမာရေးစောင့်ရှောက်မှု ဆင့်ပွားသင်တန်းတာချီလိတ်၌ဖွင့်

တာချီလိတ် ဧပြီ ၂၄

တာချီလိတ်ခရိုင်မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ကြီးမှူးကျင်းပသော မြန်မာ့ရိုးရာ တိုင်းရင်းဆေးပညာဖြင့် မိသားစုကျန်းမာရေးစောင့်ရှောက်မှု ဆင့်ပွားသင်တန်းကို မတ် ၁၇ရက် နံနက်၉နာရီက တာချီလိတ်မြို့ အမျိုးသမီးအိမ်တွင်းမှု သင်တန်းကျောင်း စားရိပ်သာ၌ ကျင်းပသည်။

ဟောပြောပို့ချ

အခမ်းအနားတွင် ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်ချောစုဝင်း၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သန်းရွှေတို့က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်တိုင်းရင်းဆေးပညာ ဦးစီးဌာန ဒုတိယတိုင်းရင်းဆေးမှူးဦးမြကြ မြန်မာ့ရိုးရာ တိုင်းရင်းဆေးပညာဖြင့် မိသားစု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းစဉ်များ ဟောပြောပို့ချသည်။ **(အောက်ပုံ)**

အဆိုပါသင်တန်းသို့ တာချီလိတ်ခရိုင် အတွင်းရှိ ရပ်ကွက်၊ကျေးရွာများမှ သင်တန်းသား သင်တန်းသူ၈၀ တက်ရောက်ကြကြောင်း သိရသည်။ **(၀၁၆)**

သစ်တောနဲ့
သစ်ပင်
ချစ်ခင်တဲ့
လူမျိုး
သစ်ပင်ကို
နှစ်စဉ်စိုက်
ရွှေတိုက်ကိုစိုး

လူမှုဖူလုံရေးအဖွဲ့ အမြဲတမ်းမသန်စွမ်းပင်စင်နှင့် ထောက်ပံ့ငွေပေးအပ်

ရန်ကုန် ဧပြီ ၂၄

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့ ဆေးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာလှမိုးနှင့် နေပြည်တော် လူမှုဖူလုံရေးအဖွဲ့ ရုံးခွဲတာဝန်ခံမန်နေဂျာ ဦးချစ်ကိုကိုတို့က ရန်ကုန်တိုင်း ရွှေပြည်သာမြို့သစ်ရှိ Asia Metal ပုဂ္ဂလိကကုမ္ပဏီ၏ လုပ်ငန်းခွင်အတွင်း ထိခိုက်ဒဏ်ရာရရှိသူ အာမခံအလုပ်သမားဦးသန်းဇော်အား ဧပြီ ၄ ရက်က ၎င်း၏နေအိမ်၌ အမြဲတမ်းမသန်စွမ်းမှု လစဉ်ပင်စင်ရာနှုန်းပြည့်ငွေ (အကူသူနာပြုထောက်ပံ့ငွေရာနှုန်းအပါအဝင်)နှင့် အထောက်အကူပြု ဘီးတပ်ကုလားထိုင်တစ်လုံးတို့ကို သွားရောက်ထောက်ပံ့ပေးခဲ့သည်။ **(ဝဲပုံ)**

ထုတ်ပေးခဲ့

ထို့အပြင် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထွဋ်အောင်သည် ဆိုင်ကယ်တိမ်းမှောက်၍ ခါးအောက်ပိုင်းထိခိုက်ခဲ့ရာ ပြင်ပဆေးရုံ၌ တက်ရောက်ကုသစဉ် ကုန်ကျခဲ့သော ဆေးဖိုးငွေကျပ် ၆၄၅၅၂၀နှင့် ဆေးခွင့်အကျိုးခံစားခွင့် ၉၂၉၉၉ကျပ်တို့ကို နေပြည်တော် လူမှုဖူလုံရေးအဖွဲ့ရုံးခွဲ၌ ၎င်းဌာန၏ လူမှုဖူလုံရေးကိုယ်စားလှယ် ဒေါ်သန်းသန်းဝင်းအား ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

ရန်ကုန် ဧပြီ ၂၄

သွေးလှူရှင်များ သွေးလှူဒါန်းနိုင်

ဆေးရုံများရှိ လူနာများအတွက် လိုအပ်သောသွေးမှာ နေ့စဉ်သွေးယူနစ် ၁၀၀မှ ၁၅၀ရှိမှုကြောင့် သွေးလှူဒါန်းလိုသူ စေတနာရှင်များအနေဖြင့် လေးလတစ်ကြိမ် သွေးလှူဒါန်းနိုင်ကြောင်း သိရသည်။ သွေးလှူဒါန်းသူများကို စနစ်တကျ စစ်ဆေးစမ်းသပ်ပြီး သွေးလှူရှင်များ အန္တရာယ်မရှိအောင် ဆောင်ရွက်ထားရာ သွေးလှူဒါန်းလိုသူ စေတနာရှင်များအနေဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ အမျိုးသားသွေးဌာနတွင် လာရောက်လှူဒါန်းနိုင်ပြီး ဖုန်း-၀၁-၂၅၆၁၁၂၊ လိုင်းခွဲ- ၈၆၈နှင့် ၈၆၉တို့သို့ ဆက်သွယ်နိုင်သည်။

မြတ်ဆရာပူဇော်ပွဲအတွက် အလှူငွေပေးအပ်ပွဲ

အထက (၁)သဃ်န်းကျွန်း (၁၉၈၅-၁၉၉၀)ကျောင်းသား ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲအတွက် ပထမအကြိမ် အလှူငွေပေးအပ်ပွဲကို ဧပြီ ၂၆ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်လှူဒါန်းကြရန်နှင့် ဖုန်း -၀၉-၅၁-၁၁၃၃၀၊ ၀၉-၅၀-၅၀၅၃၃နှင့် ၅၆၄၃၀၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ကပဝမှ ရန်ကုန် အခြေပြု၍ မြို့ကြီးများသို့ ခရီးသည်ယာဉ်များပြေးဆွဲ

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ရန်ကုန်မြို့ကို အခြေပြု၍ မြို့ကြီး ခုနစ်မြို့သို့ ခရီးသည်ယာဉ်များ နေ့စဉ်ပြေးဆွဲပေးလျက်ရှိသည်။ အဆိုပါ ခရီးစဉ်များမှာ ရန်ကုန်မှ နေပြည်တော်၊ မိတ္ထီလာ၊ မုံရွာနှင့်မြင်းခြံတို့သို့ နေ့စဉ်ပြေးဆွဲပေးပြီး ရန်ကုန်မှ ကျောက်ပန်းတောင်း၊ ညောင်ဦးနှင့် ရေနံချောင်းမြို့များသို့ တစ်ရက်ခြားစီ ပြေးဆွဲပေးလျက်ရှိသည်။

မိုးကုတ် ကျောင်းသားကျောင်းသူဟောင်းများ မြတ်ဆရာပူဇော်မည်

မိုးကုတ်မြို့ ကျောင်းသား ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကို မေ ၂၄ရက်(စနေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကန်တော်ကြီး ကရဝိက်နန်းတော်၌ ကျင်းပမည်ဖြစ်ရာ အလှူငွေထည့်ဝင် လှူဒါန်းလိုပါက ဖုန်း-၀၉-၅၀-၀၃၉၉၀၊ ၅၂၆၆၅၅၊ ၀၉-၉၉-၂၆၃၀၇နှင့် ၂၉၀၃၉၄တို့သို့ ဆက်သွယ်နိုင်သည်။

အမက(၁၈)မြောက်ဥက္ကလာပ မြတ်ဆရာပူဇော်ပွဲ

မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက်ရှိ (ယခင်အောင်ဇေယျမူလတန်းကျောင်း) အမက(၁၈)တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ကျောင်းအုပ်များ၊ ၁၉၅၉-၁၉၇၀အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာ ဆရာမများအား မြတ်ဆရာပူဇော်ပွဲကို မေ ၁ရက် (သောကြာနေ့)နံနက်၁၀နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ အလှူငွေနှင့် ပစ္စည်းများကို ဖုန်း-၆၉၀၄၉၅၊ ၆၉၀၃၄၆ နှင့် ၆၉၉၂၀၂တို့သို့ဆက်သွယ်လှူဒါန်းနိုင်သည်။

ဓာတ်ပုံပြိုင်ပွဲ ကျင်းပမည်

နီကွန်မှကြီးမှူးကျင်းပမည့် 2009 Nikon Myanmar ဓာတ်ပုံပြိုင်ပွဲကို ကျင်းပမည်ဖြစ်ရာ Myanmar Water Festival 2009နှင့် Rain ဟူ၍ ခေါင်းစဉ်နှစ်မျိုး သတ်မှတ်ထားပြီး Nikon DigitalSLR ကင်မရာဖြင့်သာ ရိုက်ကူးထားသော (၁၀×၁၅)လက်မအရွယ် ဓာတ်ပုံငါးပုံအထိ ပေးပို့ယှဉ်ပြိုင်နိုင်သည်။ Myanmar Water Festival 2009 ပြိုင်ပွဲဝင် ဓာတ်ပုံကို မေ၃၁ရက်နှင့် Rain ပြိုင်ပွဲဝင် ဓာတ်ပုံကို နိုဝင်ဘာ၃၀ရက် နောက်ဆုံးထား ပေးပို့နိုင်သည်။ အသေးစိတ်သိလိုပါက ဖုန်း-၀၁-၂၀၀၁၃၈နှင့် ၀၁-၃၉၇၆၁၇တို့သို့ စုံစမ်းနိုင်သည်။

အာဆီယံလူငယ်ခေါင်းဆောင် စည်းဝေးမည်

အာဆီယံလူငယ်ခေါင်းဆောင်အစည်းအဝေး(ASEAN Youth Leader Conference)ကို ဇွန် ၅ရက်နှင့် ၆ရက်တို့တွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ အမှတ် ၃၇၇ ရွှေဘုံသာအထက်လမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့နှင့် အဆောင်(၄) အခန်း ၇ မြန်မာအင်ဖိုတက်ခ် လှိုင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၅၀၀၅၆၊ ၇၀၀၂၇၃၊ ၅၀၇၀၄၈နှင့် ၅၀၇၁၅၁တို့သို့ ဧပြီ ၂၉ရက် နောက်ဆုံးထား ဆက်သွယ်နိုင်ကြောင်း သိရသည်။

မုန့်လုပ်နည်းသင်တန်းတက်ရောက်နိုင်

မသန်စွမ်းသူများ ကိုယ်ပိုင်လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနိုင်စေရန် ရည်ရွယ်၍ မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်း(အဖွဲ့ချုပ်)နှင့် Ki Ki Myanmar တို့ပူးပေါင်းကာ မြန်မာမုန့်ပြုလုပ်နည်းနှစ်မျိုးကို အမှတ် ၅၁ ညောင်တုန်းလမ်း ကျွန်းတောတောင်ရပ်ကွက် စမ်းချောင်းမြို့နယ်၌ ဧပြီ၂၉ရက် မွန်းလွဲ၁နာရီမှ ညနေ ၄နာရီအထိ သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသူများ ဖုန်း-၅၁၈၂၀၁သို့ ကြိုတင်စာရင်းသွင်း ဆက်သွယ်တက်ရောက်နိုင်သည်။

ပန်းချီပြပွဲ ပြသ

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ မြန်မာနိုင်ငံရိုးရာ ပန်းပညာရှင်များအစည်းအရုံး(ဗဟို)ပြခန်းတွင် လူငယ်ပန်းချီဆရာများ ရေးဆွဲပြသထားသည့် Insect အမည်ရှိ ပန်းချီပြပွဲကို ဧပြီ ၂၂ရက်က ဖွင့်လှစ်ပြသခဲ့သည်။ အခရိုင်းလစ် အမျိုးအစားတစ်ခုတည်းသာ ရေးဆွဲပြသထားပြီး အဆိုပါပန်းချီပြပွဲကို ဧပြီ ၂၆ရက် အထိ နံနက် ၉နာရီမှ ညနေ ၅နာရီအတွင်း ပြသထားမည်ဖြစ်ရာ ပန်းချီဝါသနာရှင်များ လာရောက် ကြည့်ရှုနိုင်သည်။ ။ ***(မြန်မာ့အလင်း)***

စု စည်း ရေး သား သူ - ဝင်း ကျော်

နွေရာသီ အဆို၊ အက၊ အရေး၊ အတီးသင်တန်း ပခုက္ကူ၌ဖွင့်

ပခုက္ကူ ဧပြီ ၂၄

ပခုက္ကူခရိုင် ၂၀၀၉ခုနှစ် နွေရာသီ အဆို၊ အက၊ အရေး၊ အတီးသင်တန်းဖွင့်ပွဲကို ဧပြီ ၂၂ရက် မွန်းတည့်၁၂နာရီက ပခုက္ကူမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးစန်းဝင်းက သင်တန်းဖွင့် အမှာစကားပြောကြားပြီး သင်တန်းသို့ ခရိုင်အတွင်းရှိ မြို့နယ် ငါးမြို့နယ်မှ သင်တန်းသား သင်တန်းသူ ၅၀တက်ရောက်၍ သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ (၀၇၀)

ဟုမ္မလင်း၌ သင်္ကြန်ယိမ်းအကပြိုင်ပွဲ ဆုပေးအပ်ချီးမြှင့်

ဟုမ္မလင်း ဧပြီ ၂၄

စစ်ကိုင်းတိုင်း ဟုမ္မလင်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော ပထမအကြိမ် သင်္ကြန်ယိမ်းအကဆုပေးပွဲ အခမ်းအနားကို ဧပြီ ၁၆ ရက် ည ၇ နာရီက ကမ်းနားလမ်းရှိ မဟာသင်္ကြန်ဗဟိုမဏ္ဍပ်၌ ကျင်းပရာ ခန္တီးခရိုင်ဥက္ကဋ္ဌ ဦးလှထွန်း တက်ရောက်အားပေးပြီး ဆုရရှိသောအဖွဲ့များအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ ပေရှိ "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး" အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ) ၂၉၆၄ ချပ် ၁ ချပ် ကျပ် ၁၆၂၀၀၀၀ နှုန်း

(၂) ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ) ၄၂၀၈ ချပ် ၁ ချပ် ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

မြို့ပြလမ်းများ ဆောင်ရွက်ရန် ကွင်းဆင်းတိုင်းတာ

ညောင်လေးပင် ဧပြီ ၂၄

ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့ပြလမ်းများအသစ်ဆောင်ရွက်ခြင်း၊ ဆောင်ရွက်ပြီးလမ်းများကို ရေရှည်ခိုင်ခံ့စေရန် ထိန်းသိမ်းခြင်းတို့ကို နှစ်စဉ် ဆောင်ရွက်လျက်ရှိသည်။ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ညောင်လေးပင်မြို့ မြို့မ(၂)ရပ်ကွက်ရှိ ကြားတောရလမ်းအား ကတ္တရာခင်းခြင်း ဆောင်ရွက်ရန် စီစဉ်ထားရှိသည်။ အဆိုပါ ကြားတောရလမ်း အရှည်၃ဒသမ၇ဖာလုံကို အဖွဲ့ရန်ပုံငွေကျပ် ၃၅၁၀၀၀၀၀သုံးစွဲ၍ ဆောင်ရွက်မည်ဖြစ်သည်။ ဧပြီ၁ရက်က ကတ္တရာလမ်းခင်းနိုင်ရန်အတွက် ကျောက်များစုဆောင်းခြင်း၊ လမ်းနယ်မြေများ တိုင်းတာခြင်းတို့ကို အမှုဆောင်အရာရှိ ဦးတင်ဌေးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဇော်လင်းအောင်တို့က ကွင်းဆင်းကြပ်မတ်ဆောင်ရွက်ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မင်္ဂလာဒုံမြို့နယ်၌ အထူးဈေးရောင်းပွဲတော်ကျင်းပ

ရန်ကုန် ဧပြီ ၂၄

အမှတ်(၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော် ဖွင့်ပွဲကို ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် အလက(၄)အနီး၌ ယနေ့ကျင်းပရာ ရန်ကုန်မြောက်ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးရွှေအိနှင့် ရန်ကုန်တိုင်း စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာန တိုင်းဦးစီးမှူး ဦးကျော်ဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး **(အပေါ်ပုံ)** မင်္ဂလာဒုံ တပ်နယ်မှ ဗိုလ်မှူးချုပ်ထွန်းနေလင်းက ဈေးပွဲတော်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ယင်းအထူးဈေးရောင်းပွဲတော်တွင် အမှတ်(၁) စက်မှုဝန်ကြီးဌာန လက်အောက်ရှိ စက်မှုလုပ်ငန်းခြောက်ခုမှ ထုတ်ကုန်ပစ္စည်းများကို ဈေးနှုန်းချိုသာစွာဖြင့် မည်သူမဆို လွတ်လပ်စွာ ဝယ်ယူနိုင်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကုန်သည်/စက်မှု အသင်းချုပ်ဥက္ကဋ္ဌနှင့် ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးတို့တွေ့ဆုံ

ရန်ကုန် ဧပြီ ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်လွင်နှင့် တွဲဖက်အတွင်းရေးမှူး ဦးမြင့်စိုးတို့အား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Park Key-chong သည် ဧပြီ ၂၃ ရက်တွင် ရန်ကုန်မြို့ရှိ အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံသည်။ **(အောက်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် မေ ၃၁ ရက်မှ ဇွန် ၁ ရက်အထိ ကိုရီးယားသမ္မတနိုင်ငံ၌ ကျင်းပမည့် The ASEAN-Korea Commomorative Summit 2009 နှင့် The ASEAN-Korea CEO Summit သို့ မြန်မာ့စီးပွားရေး လုပ်ငန်းရှင်များ တက်ရောက်ရန် ဖိတ်ကြားခြင်းကိစ္စ၊ နှစ်နိုင်ငံ အပြန်အလှန် စီးပွားကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် နှစ်ဖက်စီးပွားရေး လုပ်ငန်းရှင်များအချင်းချင်း တွေ့ဆုံဆွေးနွေးနိုင်ရေးကိစ္စ၊ မြန်မာ့လယ်ယာလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်မှုရှိလာစေရန်အတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများဆိုင်ရာကိစ္စ၊ မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့ ကိုရီးယားသမ္မတနိုင်ငံသို့ Summit တက်ရောက်ရန် လာရောက်ပါက စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲကိစ္စ၊ လေ့လာရေးကိစ္စများအတွက် အကူအညီပေးမည့် ကိစ္စတို့ကို ရင်းနှီးစွာ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုး

အစဉ်သတိပြု

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၄-၂၀၀၉ ရက် (စနေနေ့)

AM & PM

၅:၀၀	MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ အင်္ဂလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
၅:၁၅	MRTV-4 နံနက်ခင်းသတင်း
၆:၀၀	အေးချမ်းသာယာဖွံ့ဖြိုးကြပါစေ တရားတော် (ထူးကြီးဆရာတော် ဘဒ္ဒန္တကုန္ဒာဝုဓာဘိဝံသ)
၆:၅၀	ကျောက်ဆစ်ထွင်းထုပုံဖော်ပြု အနုမြတ်ပညာ
၇:၀၀	ရတနာသိုက်ရှာပုံတော်(အပိုင်း-၁၅)
၇:၃၀	TOM & JERRY
၈:၀၀	MRTV-4 နံနက်ခင်းသတင်း
၈:၄၅	လေလှိုင်းမှဖြေကြားပရိသတ်များ အမေးစကား
၉:၁၀	**ကျေးဇူးတင်ပါတယ်ဒီအိုတီအက်စ်** လွင်မိုး၊ အိန္ဒြာကျော်ဇင်၊ခင်သန်းနွယ် (ဒါရိုက်တာ-စိုးကျော်ဆန်း)
၉:၃၀	လှပချစ်စရာအိမ်တွင်းမှုပညာ (အပူခံလက်ခုပြုလုပ်နည်း)
၉:၅၅	စက္ကူထုပ်ပိုးပြည်အကျိုး နိုင်ငံတော်မှာဝင်ငွေတိုး
၁၀:၂၀	သွားမယ် စားမယ် (Sandy's Myanmar Cuisine)
၁၀:၄၅	Orchard Families(အပိုင်း-၁)
၁၁:၁၀	သဘာဝကပေးတဲ့အကျိုးအာနိသင်
၁၁:၃၅	စားဖွယ်အဖုံဖုံမုန့်မျိုးစုံ (အီကလဲယားမုန့်လုပ်နည်း)
၁၁:၅၅	လေ့လာမြတ်နိုးထိန်းသိမ်းဖို့ရာ ပန်းဆယ်မျိုးပညာ
၁၂:၂၀	တေးဂီတအစီအစဉ်
၁၂:၄၀	မေတ္တာရိပ်ဖြာပန်းဝင်္ကပါ
၁:၀၀	အေးချမ်းသာယာဖွံ့ဖြိုးကြပါစေ တရားတော် (ထူးကြီးဆရာတော် ဘဒ္ဒန္တကုန္ဒာဝုဓာဘိဝံသ)
၁:၅၀	တို့ကမ္ဘာ့မြေသာယာဖို့ ကြွပ်ကြွပ်အိတ်ကိုငြင်းပယ်စို့
၂:၀၅	Fashion Music Festival
၂:၃၅	တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (စိတ်အပန်းဖြေစရာ အလှမွေးငါးကမ္ဘာ)
၂:၅၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၃:၁၅	ပခုက္ကူခရိုင် ရေစကြိုမြို့နယ်မှ စပါးခင်းများအောင်မြင်ဖြစ်ထွန်း စေသည့် ချစ်သူလှျပ်စစ်မြစ်ရေတင် လုပ်ငန်း
၃:၃၀	The Game Guide (Harry Potter)
၄:၀၀	သဘာဝကပေးသော လက်ဆောင်များ
၄:၁၀	ရွှေးချယ်အစုံစုံရင်သွေးရိပ်မြို (စံပြရင်သွေးအိမ်မှုကြို)
၄:၃၀	တေးဂီတအစီအစဉ်
၄:၅၀	Myanmar Masters 2009 [ဂေါက်သီးရိုက်ပြိုင်ပွဲ] (အပိုင်း-၂)
၅:၀၅	နေချင်စဖွယ်အိမ်အလှဆင်ကြမယ်
၅:၂၅	Activities in the City (acer showroom ဖွင့်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနား)
၅:၄၅	ကြည်နူးစရာလက်ဆောင်အဖြာဖြာ (House of Celebrity)
၆:၀၀	MRTV-4 ညနေခင်းသတင်း
၆:၁၅	Fashion Music Festival
၆:၅၀	Science Tech Today မုန်တိုင်းများ(အပိုင်း-၁)
၇:၂၅	သွားမယ် စားမယ် (Sandy's Myanmar Cuisine)
၇:၄၅	လေလှိုင်းမှဖြေကြားပရိသတ်များ အမေးစကား
၈:၀၀	MRTV-4 သတင်း
၈:၁၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၈:၄၀	နေချင်စဖွယ်အိမ်အလှဆင်ကြမယ်
၉:၀၀	The Game Guide (Harry Potter)
၉:၃၀	ရတနာသိုက်ရှာပုံတော် (အပိုင်း-၁၅)
၁၀:၀၀	လေ့လာမြတ်နိုးထိန်းသိမ်းဖို့ရာ ပန်းဆယ်မျိုးပညာ
၁၀:၂၅	တို့ကမ္ဘာ့မြေသာယာဖို့ ကြွပ်ကြွပ်အိတ်ကိုငြင်းပယ်စို့
၁၀:၄၀	လှပချစ်စရာအိမ်တွင်းမှုပညာ (အပူခံလက်ခုပြုလုပ်နည်း)
၁၁:၀၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁:၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHFတီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclay Premier League
ပွဲစဉ်(၃၄) ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈:၂၅	Hull City - Liverpool	ESPN (Live)
	West Ham - Chelsea	Star Sports (Live)
၁၀:၅၅	Man Utd - Tottenham	Star Sports (Live)
၁၁:၀၀	Everton - Man City	ESPN (SDD)

မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့၌ နေရာကျဲကျဲ မိုးရွာနိုင်

ရန်ကုန် ဧပြီ ၂၄

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။

နေ့အပူချိန်များမှာ ရှမ်းပြည်နယ်တွင် ဧပြီလ၏ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဧပြီလ၏ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ကာ ကျန်ဒေသများတွင် ဧပြီလ၏ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ထူးခြားသည့် နေ့အပူချိန်များမှာ မြင်းခြံမြို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်၊ မုံရွာမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့နှင့် မင်းဘူးမြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ကော့သောင်းမြို့တွင် ၁ဒသမ၀၂လက်မ၊ ထားဝယ်မြို့တွင် ၀ဒသမ၇၅လက်မနှင့် မချမ်းဘောမြို့တွင် ၀ဒသမ ၇၁ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့်သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

ဧပြီ ၂၅ရက် ညနေအထိ ခန့်မှန်းချက်မှာ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

ဧပြီ ၆ရက်က မန္တလေးမြို့တော်ခန်းမတွင် မန္တလေးတိုင်း မီးသတ်ဦးစီးဌာနသို့ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ ငွေကျပ်သိန်း၃၅၀ တန်ဖိုးရှိ မီးသတ်ရေပိုက်အစုံ ၁၀၀၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ငွေကျပ် ၁၇၅သိန်းတန်ဖိုးရှိ မီးသတ်ရေပိုက်အစုံ ၅၀၊ ရတနာပုံဘဏ်လီမိတက်မှ ငွေကျပ် ၄ဒသမ၈သိန်း တန်ဖိုးရှိ **Blade Wire** အခွေ ၁၁၀၊ **OK MYANMAR Co.,Ltd.** မှ ငွေကျပ် ၁၂သိန်း တန်ဖိုးရှိ အမြှုပ်မီးသတ်ဆေးရည် ပေးအပ်ပွဲကျင်းပရာ ရတနာပုံဘဏ်မန်နေဂျာမှ တိုင်းမီးသတ်ဦးစီးမှူး ဦးတင်မင်းသို့ပေးအပ်စဉ်။ (၀၉၀)

ဟူမ္မလင်း၌ သက်ကြီးဘိုးဘွားများပူဇော်

ဟုမ္မလင်း ဧပြီ ၂၂

စစ်ကိုင်းတိုင်း ခန္တီးခရိုင် ဟုမ္မလင်းမြို့ ဟုမ္မလင်းရပ်ကွက်လင်းသီတာ လူငယ်မောင်မယ်များ၏ (၂၃)ကြိမ်မြောက် သက်ကြီးဘိုးဘွားများပူဇော်ပွဲကို ဧပြီ၁၇ရက် ညနေ ၄ နာရီက အမှတ်(၃) အခြေခံပညာမူလတန်းကျောင်းခန်းမ၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် နမောတဿသုံးကြိမ် ရွတ်ဆို၍ အခမ်းအနားစတင်ပြီး အသက် ၇၀နှင့်အထက် အဘိုး ၃၂ ဦး၊ အဘွား ၅၇ ဦး စုစုပေါင်း ၈၉ ဦးတို့အား တက်ရောက်လာကြသူများက ကန်တော့ကြပြီး ငွေကျပ်ခြောက်သိန်းတန်ဖိုးရှိ လှူဖွယ်ပစ္စည်းများကို ပေးအပ်လှူဒါန်းကြရာ သက်ကြီး အဘိုးအဘွားများကိုယ်စား ဦးအောင်ဘက ဩဝါဒကျေးဇူးတင်စကား ပြောကြားသည်။

အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ စစ်မှုထမ်းဟောင်းအဖွဲ့တို့မှ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး မတ် ၅ရက်က ပုလောမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့ရေပေးရေး ရေလှောင်ကန်မှ ရေပေးဝေမှုအခြေအနေကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဇော်နိုင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးမင်းအောင်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကျောက်တံခါး၌ ကျေးလက်အိမ်ရာထူထောင်ရေး ကျေးရွာပိုင် သစ်တောစိုက်ခင်း တစ်ကေစိုက်ပျိုး

ကျောက်တံခါး ဧပြီ ၂၂

ကျောက်တံခါးမြို့နယ် သစ်တောဦးစီးဌာနမှ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ် ကျေးလက်အိမ်ရာထူထောင်ရေး ကျေးရွာပိုင်သစ်တောစိုက်ခင်း တစ်ဧကတည်ထောင်စိုက်ပျိုးပွဲ အခမ်းအနားကို ဧပြီ ၁၇ရက်(နှစ်ဆန်းတစ်ရက်နေ့) နံနက်ပိုင်းက ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၉၅/၃)ရှိ ဆားပြင်ကျေးရွာအနီး၌ကျင်းပသည်။

စုပေါင်းစိုက်ပျိုး

အခမ်းအနားသို့ သစ်တောဦးစီးဌာန ပဲခူးတိုင်း(အရှေ့) ညွှန်ကြားရေးမှူး ဦးကျော်စိုးခိုင်၊ ဒုတိယညွှန်ကြားရေးမှူး၊ ပဲခူးခရိုင်လက်ထောက်ညွှန်ကြားရေးမှူး၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမျိုးတင့်၊ မြို့နယ် သစ်တောဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျေးလက်ပြည်သူ အင်အား ၂၀၀ကျော် တက်ရောက်ပြီး ယူကလစ်ပင်များကို စုပေါင်းစိုက်ပျိုးကြသည်။ **(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် ဘုရားကိုင်ချောင်း ရေမြောင်းတူးဖော်ခြင်း လုပ်ငန်းဆောင်ရွက်မှုကို မတ် ၁၇ ရက်က တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုးနှင့် မြို့နယ်ဥက္ကဋ္ဌဦးကျော်ရွှေတို့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးညွှန့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်သန်းဝင်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကမ္ဘာ့ကျန်းမာရေးနေ့ ဘားအံ၌ကျင်းပ

ဘားအံ ဧပြီ ၁၉

၂၀၀၉ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဧပြီ၇ရက် နံနက် ၉နာရီက ကရင်ပြည်နယ် ကျန်းမာရေးဦးစီးဌာန အစည်းအဝေး ခန်းမ၌ ကျင်းပရာ ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းနှင့်အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ သင်တန်းသားသင်တန်းသူများ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်း

ရှေးဦးစွာသဘာပတိ ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းက ယခုနှစ် ဆောင်ပုဒ် ကျန်းမာရေးအတွက် အရေးကြုံက ကျော်လွှားနိုင်ရန်ပြင်ဆင်မှ အသက်ပေါင်းများစွာ ချမ်းသာရ၏ အဓိပ္ပာယ်ကို ကျယ်ပြန့်စွာ ဖွင့်ဆိုရှင်းလင်းသည်။

သဝဏ်လွှာဖတ်ကြား

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်ထံမှ ပေးပို့သော သဝဏ်လွှာကို ပြည်နယ် ကျန်းမာရေးမှူး ဒေါက်တာငွေးနောင်က လည်းကောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး၏သဝဏ်လွှာကို ဒုတိယပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနေမျိုးအုန်းက ဖတ်ကြားသည်။

(၀၀၈)

ရေကန်ခြံစည်းရိုးကာရံ

ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သည့် ၁၄ ရပ်ကွက် အများသုံးရေကန် ခြံစည်းရိုး ကာရံခြင်း လုပ်ငန်းကို လက်ထောက်အင်ဂျင်နီယာ ဦးကျော်ဆွေသန်းနှင့်အဖွဲ့ ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မိုးကောင်းမြို့၌ မိုးသည်းထန်စွာရွာသွန်း အိုးမဲ့အိမ်မဲ့ဖြစ်သူများ ထောက်ပံ့ပေးအပ်ရေးဆောင်ရွက်

မိုးကောင်း ဧပြီ ၁၀

ကချင်ပြည်နယ် မိုးကောင်းမြို့၌ ဧပြီ ၁ရက် ညနေ၅နာရီခန့်က လေပြင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းကာ အချင်းတစ်လက်မခန့်ရှိ မိုးသီးများပါ ကျရောက်သည်။

မိုးသက်လေပြင်းဒဏ်ကြောင့် လွဲလောကျေးရွာမှ အိမ်ခြေ၁၈လုံး၊ လွဲဆွန်းကျေးရွာမှ အိမ်ခြေ၀၂လုံး၊ မန်ပင်ကျေးရွာမှ အိမ်ခြေ ၁၆လုံး၊ ကြာအင်းကျေးရွာမှ အိမ်ခြေ တစ်လုံး စုစုပေါင်းအိမ်ခြေ အလုံး ၄၀ ပြိုလဲပျက်စီးဆုံးရှုံးပြီး နွားတစ်ကောင်၊ ဝက်တစ်ကောင်သေဆုံးကာ အမျိုးသား ၅၃ဦး၊ အမျိုးသမီး ၆၅ဦး၊ ကလေးငယ် ၇၂ဦး စုစုပေါင်း လူဦးရေ ၁၉၀တို့ အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရသည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့် မြို့နယ်ကြက်ခြေနီအသင်းတို့မှ တစ်ဆင့် လေဘေးသင့် ဒုက္ခသည်များအတွက် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ ပေးအပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၀၀၁)

အပူဒဏ်အန္တရာယ် ကာကွယ်ရေးနှိုးဆော်ချက်

ယခုအခါတွင် နွေရာသီရောက်ရှိလာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီ ဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှုများပြားပါသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီးကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀နာရီမှ ညနေ ၅နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနားရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှရှောင်ကြဉ်၍ အရိပ်ရ အေးမြသောနေရာများတွင် နေပါ။
(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင်သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။
(၉) ကိုယ်အပူချိန်တက်ပါက ရေအေးဖတ်နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

မှုခင်းသတင်း

တူမကိုသတ်ပြီး မိလ္လာကန်အတွင်းပစ်ချခဲ့သည့် ဦးလေးတော်သူကို အလောင်းတွေ့ရှိပြီး နှစ်နာရီအတွင်း ဖော်ထုတ်နိုင်မှုအတွက် ဖျာပုံမြို့နယ် သမိန်ထောကုန်းတန်းကျေးရွာတွင် ဂုဏ်ပြု

ဖျာပုံ ဧပြီ ၂၃

တူမကိုသတ်ပြီး မိလ္လာကန်အတွင်းပစ်ချခဲ့သည့် ဦးလေးတော်သူကို အလောင်းတွေ့ရှိပြီး နှစ်နာရီအတွင်း ဖော်ထုတ်နိုင်မှုအတွက် ဂုဏ်ပြုပွဲကို မတ်၄ရက် နံနက်ပိုင်းက ဖျာပုံမြို့နယ် သမိန်ထောကုန်းတန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

ဂုဏ်ပြုဆုပေးအပ်

အခမ်းအနားတွင် တူမကိုသတ်ပြီး မိလ္လာကန်အတွင်းပစ်ချခဲ့သည့် ဦးလေးတော်သူကို အလောင်းတွေ့ရှိပြီး နှစ်နာရီအတွင်း ဖော်ထုတ်နိုင်မှုအတွက် သမိန်ထောကုန်းတန်းကျေးရွာ ပြည်သူများကိုယ်စား ရပ်မိရပ်ဖ ဦးမျိုးမြင့်နှင့်အဖွဲ့က ကျုံကဒွန်းရဲစခန်းမှူး ရဲအုပ်စိုးလှအောင်နှင့် နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်သိန်းဦးတို့အား ဂုဏ်ပြုဆုငွေကျပ် ၃၀၀၀၀၀ကို ပေးအပ်ရာ ကျုံကဒွန်းရဲစခန်းမှူး ရဲအုပ်စိုးလှအောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အခမ်းအနားသို့ ဖျာပုံမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးအေးကြူနှင့် ဖိတ်ကြားထားသော ဧည့်သည်များ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ကျေးရွာနေပြည်သူများ တက်ရောက်ကြသည်။ (၁၃၈)

ခရိုင်ချင်းဆက်လမ်း အမှတ်(၁) အောင်လံမြို့နယ်အပိုင်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်အောင်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ထီးလင်းမြို့နယ် မြင့်မြတ်စာကြည့်တိုက်သို့ အလှူရှင်များ ဂျာနယ်မျိုးစုံ ပေးအပ်လှူဒါန်း

စာကြည့်တိုက် ရေရှည်တည်တံ့ရေး ရှင်းလင်းဟောပြော

ဂန့်ဂေါ ဧပြီ ၁၈

ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနကကြီးမှူး၍ ထီးလင်းမြို့နယ် ငါးဆိုးချောင်ကျေးရွာ မြင့်မြတ်စာကြည့်တိုက်သို့ စာအုပ်လှူဒါန်းပွဲကို မတ် ၂၆ရက်က ကျေးရွာမူလတန်းကျောင်း၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

လှူဒါန်းပွဲတွင် ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်အေးထံမှ ပေးပို့လှူဒါန်းသည့် ရွှေနိုင်ငံဂျာနယ်နှင့် စိမ်းလဲ့ရွှေပြည်ဂျာနယ်များအပါအဝင် ဂျာနယ်မျိုးစုံ အုပ်၁၀၀နှင့် ဂန့်ဂေါမြို့ မြို့မရပ်ကွက်နေ ဦးသောင်းဟန်နှင့်ဇနီး ဒေါ်ခင်မျိုးအေးတို့က ပေးပို့လှူဒါန်းသည့် စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာအုပ် ၃၀တို့ကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဓာတ်ပုံကျွမ်းကျင်(၂) ဦးကျော်သန်းဆွေက လည်းကောင်း၊ စေတနာရှင်တစ်ဦးက လှူဒါန်းသည့် မဂ္ဂဇင်း ၁၂အုပ်ကို မင်းတပ်မြို့ အထက(၁)မှ ဆရာမဒေါ်သင်းသင်းဦးကလည်းကောင်း ကျေးရွာဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်မာရီက စာကြည့်တိုက်ရှင်သန်ခိုင်မာရေး၊ ရေရှည်တည်တံ့ရေးတို့နှင့်ပတ်သက်၍ ရှင်းလင်းဟောပြောသည်။

အလားတူ စာအုပ်လှူဒါန်းပွဲကို အဆိုပါနေ့က ထီးလင်းမြို့နယ် မဇင်းချောင်ရွာ ဘဝမျှော်စင်စာကြည့်တိုက်၌ ကျင်းပကြောင်း သိရသည်။ (၀၇၁)

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေ မြောက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ် မြို့ရေပေးရေးဆောင်ရွက်မှုကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဦးချစ်မောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းကျော်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

စာပေဟောပြောပွဲများ ကသာခရိုင်၌ကျင်းပ

အင်းတော် ဧပြီ ၁၈

စစ်ကိုင်းတိုင်း ကသာခရိုင် ဗန်းမောက်မြို့နယ် တတိယအကြိမ်မြောက် စာပေဟောပြောပွဲ အခမ်းအနားကို ဧပြီ ၂ရက် ည ၇နာရီခွဲက ဗန်းမောက်မြို့ မြို့နယ်ခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ဗန်းမောက်မြို့နယ် ဥက္ကဋ္ဌ ဦးဌေးလွင်က အဖွင့်အမှာစကား ပြောကြားပြီး ရန်ကုန်မြို့မှ စာရေးဆရာများဖြစ်ကြသော ဆရာချစ်နိုင်(စိတ်ပညာ)က ဘဝအားမာန် ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဆရာကောင်းသန့်က ပုံပြင်ထဲကဘဝ၊ ဘဝထဲကပုံပြင် ခေါင်းစဉ်ဖြင့်လည်းကောင်း စာပေရေးရာ ဗဟုသုတဖြစ်ဖွယ်ရာများကို ဟောပြောကြသည်။

ဟောပြော

ဆရာချစ်နိုင်(စိတ်ပညာ)နှင့် ဆရာကောင်းသန့်တို့သည် အလားတူ စာပေဟောပြောပွဲများကို မတ် ၂၉ရက်ညက ကသာမြို့နယ် ကျောက်ထုံးကြီး အထက ခန်းမ၌ လည်းကောင်း၊ မတ် ၃၀ရက်ညက ကသာမြို့နယ် ညောင်ခြေထောက်ရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌လည်းကောင်း၊ မတ် ၃၁ရက် နံနက်က ကသာမြို့နယ် ငါးအိုးရွာ ခန်းမ၌လည်းကောင်း၊ မတ် ၃၁ရက် ညက ကသာမြို့ ရောရွှေလီခန်းမ၌ လည်းကောင်း၊ ဧပြီ ၁ရက်ညက အင်းတော်မြို့ မြအင်းသာခန်းမ၌လည်းကောင်း စာပေရေးရာ ဟောပြောကြသည်။ (၀၃၀)

မြို့နယ် သတင်းများ

နတ်တလင်းမြို့ မြို့မဈေးမီးဘေးလုံခြုံရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ ဈေးအကျိုးတော်ဆောင်အဖွဲ့နှင့်ဈေးသူဈေးသားများပူးပေါင်း၍ ဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြ လေ့ကျင့်မှုကို မတ် ၁၃ ရက်က အမှုဆောင်အရာရှိ ဦးသန်းဦးနှင့် မြို့နယ် မီးသတ်တာဝန်ခံ ဦးမျိုးသူရဝင်းတို့ ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

ဗလ ငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ဇီဝဘက်ထရီမီးလင်းနိုင်ရေး ထပ်ဆင့်ရှင်းလင်း

ရမည်းသင်း ဧပြီ ၁၉

ရမည်းသင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်မှုဖြင့် မိမိပတ်ဝန်းကျင်တွင် စွန့်ပစ်ထားသော ပစ္စည်းများအသုံးပြု၍ ဇီဝဘက်ထရီမီးလင်းနိုင်မှု ထပ်ဆင့်ရှင်းလင်းတင်ပြပွဲ အခမ်းအနားကို ဧပြီ ၁၀ရက် နံနက် ၁၀ နာရီခွဲက ရမည်းသင်း ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးဦးခိုင်၊ ခရိုင်အတွင်းရေးမှူး ဦးမြင့်ထူး၊ အဖွဲ့ဝင်(၁) ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်ဝင်း၊ ရမည်းသင်းနှင့်ပျော်ဘွယ်မြို့နယ်တို့မှ တာဝန်ရှိသူများ၊ ရဲစခန်းမှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပြောကြား

ရှေးဦးစွာ ခရိုင်ဥက္ကဋ္ဌက စွန့်ပစ်ပစ္စည်းများအသုံးပြု၍ ဇီဝဘက်ထရီပြုလုပ်ပြီး မြို့နှင့်ကျေးလက်ဒေသနေအိမ်များ မီးလင်းရေးကို ရည်မှန်းချက်ထားဆောင်ရွက်ကြရန် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် စိုက်ပျိုးရေးမန်နေဂျာ ဦးရဲအောင်နှင့် ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်စိုးညွန့်တို့က မိမိပတ်ဝန်းကျင်ရှိ ငွေကုန်သက်သာသည့် စွန့်ပစ်ပစ္စည်းများဖြစ်သော နွားချေး၊ ဆား၊ ဓာတ်ခဲဟောင်းတို့ကို အသုံးပြု၍ ဇီဝဘက်ထရီပြုလုပ်ပြီး မီးလင်းမှုကို လွယ်ကူစွာဆောင်ရွက်နိုင်ကြောင်း ရုပ်ပုံကားချပ်တို့ဖြင့် ရှင်းလင်းတင်ပြကြောင်း သိရသည်။ (၁၆၉)

မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများတွင်

ပြည်သူလူထုပါဝင်ဆောင်ရွက်ရေး နှိုးဆော်ချက်

မီးဘေးအန္တရာယ်လုံခြုံကင်းဝေးရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် မီးသတ်တပ်ဖွဲ့ဝင်များ ဆောင်ရွက်လျက်ရှိရာ ပြည်သူများဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများကို အောက်ပါအတိုင်း အသိပေးနှိုးဆော်အပ်ပါသည်-

(က) **မီးမလောင်မီ(ပြည်သူတို့၏ တာဝန်)**

(၁) သက်ဆိုင်ရာ မီးဘေးကာကွယ်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့မှလည်းကောင်း၊ မီးသတ်တပ်ဖွဲ့မှလည်းကောင်း တရားဝင် ချမှတ်ထားသော စည်းကမ်းများကို လိုက်နာဆောင်ရွက်သွားရန်၊
(၂) ရပ်ကွက်အလိုက် မီးကင်းများချထားရေးတွင် ပါဝင်ဆောင်ရွက်ရန်၊
(၃) မီးသတ်တပ်ဖွဲ့မှ တစ်အိမ်တက်ဆင်း စစ်ဆေးသည့်အခါ ကူညီရန်၊ စစ်ဆေးမေးမြန်းသည့်အခါ ဖြေကြားရှင်းလင်းပေးရန်နှင့် ပေးသည့် အကြံဉာဏ်များကို လိုက်နာရန်၊
(၄) ဒေသအာဏာပိုင်အဖွဲ့အစည်း၊ မီးဘေးတားဆီးရေးအဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ပါဝင်လှုပ်ရှားကြရန်နှင့် အသိပညာပေး ပြန့်ပွားမှုပြုလုပ်ရန်၊
(၅) မိမိကြောင့် အခြားသူများ နစ်နာမှုမရှိစေရန် မိမိမှစ၍ မီးမလောင်စေရေးကိုခံယူပြီး ကြိုတင်ကာကွယ်ရေး အစီအစဉ်များ ဆောင်ရွက်ရန်၊
(၆) အဆောက်အအုံတိုင်း၊ အိမ်တိုင်းတွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဆေးဘူး၊ မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲပုံးများ အသင့်ထားရှိရန်၊
(၇) မီးလောင်လျှင် မီးလောင်ကြောင်း အချက်ပေးနိုင်ရန် သံချောင်း၊ အုန်းမောင်း၊ ကုလားတက်၊ ဖားစည်၊ မောင်း အစရှိသည့် အချက်ပေးကိရိယာကို အသင့်ထားရှိရန်၊
(၈) ခြောက်သွေ့သော ရာသီအချိန်များတွင် တဲအိမ်များ၌ လေတိုက်မှုမှ ကာကွယ်သည့် မြေစိုက်မီးဖိုများ ပြုလုပ်သုံးစွဲရန်နှင့် မီးကြွင်းမီးကျန်များကို ငြိမ်းသတ်ထားရန်၊
(၉) အရိပ်ရပင်၊ လေကာပင်များအား ထိန်းသိမ်းခြင်း၊ ပြုစုပျိုးထောင်ခြင်း၊ အသစ်တိုးချဲ့စိုက်ပျိုးခြင်းများအား ပြုလုပ်ထားရန်၊
(၁၀) မီးသတ်ယာဉ်/စက်များ အစဉ်အမြဲကောင်းနေစေရန်အတွက် လှူဒါန်းပံ့ပိုးပေးရန်။

(ခ) **မီးလောင်စဉ် (ပြည်သူတို့၏ တာဝန်)**

(၁) မီးလောင်မှု ဖြစ်ပွားပါက အနီးဆုံးမီးသတ်စခန်းသို့ အမြန်ဆုံးနည်းဖြင့် သတင်းပို့ အကြောင်းကြားရန်၊
(၂) မီးသတ်စက်များမရောက်မီ ရှေးဦးမီးငြိမ်းသတ်ရေး နည်းလမ်းအရ ရေပုံးများဖြင့်လည်းကောင်း၊ ရရာပစ္စည်းများဖြင့်လည်းကောင်း အသုံးပြု၍ မီးပြန့်ပွားခြင်းမရှိအောင် ထိန်းသိမ်းငြိမ်းသတ်ရန်၊
(၃) မီးလောင်ပြင်သို့ မီးငြိမ်းသတ်ရန် ရောက်ရှိလာသော မီးသတ်ယာဉ်စက်များအား ဝင်လမ်း၊ ထွက်လမ်းနှင့် ရေအမြဲတမ်းရရှိနိုင်မည့်နေရာများသို့ ညွှန်ပြရန်၊
(၄) မီးလောင်ရာ ပတ်ဝန်းကျင်ရှိ အိမ်ခေါင်မိုးများသို့ လည်းကောင်း၊ မီးလောင်မှုကြောင့် လွင့်ပျံ့နေသော မီးပွားများကိုလည်းကောင်း ရေပက်ဖျန်း၍ ငြိမ်းသတ်ပေးရန်၊
(၅) မီးလောင်မှုဖြစ်ပွားရာတွင် ပွဲကြည့်ပရိသတ်သဖွယ် ဝိုင်းအုံကြည့်မနေဘဲ ကူညီငြိမ်းသတ်ပေးခြင်း၊ ဝင်ရောက်စွက်ဖက်သူများ၊ နှောင့်ယှက်သူများ၏ အန္တရာယ်မှ ကာကွယ်ပေးခြင်းတို့ဖြင့် ကူညီပေးကြရန်။

မီးသတ်ဦးစီးဌာန

မြေပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ မတ် ၂၀ရက်က မြို့သာယာလှပရေးလုပ်ငန်းအတွက် လမ်းဘေးဝဲယာတစ်လျှောက် ပန်းအလှပင်များ စိုက်ပျိုးနေမှုကို အမှုဆောင်အရာရှိ ဦးသန်းထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကောင်းထွန်းလင်းတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

25-4 (16).pmd 1 4/25/2009, 3:01 AM

ကျေးဇူးတင်လွှာ

၁။ ကောဇာသက္ကရာဇ် ၁၃၆၂ခုနှစ်၊ ခရစ်သက္ကရာဇ် ၂၀၀၁ခုနှစ်တွင် ဧရာဝတီ မြစ်ရေတိုက်စားမှုကြောင့် မြကျိုက်ပုံစေတီတော်ကြီး မြစ်ထဲသို့ ပြုတ်ကျသွားခဲ့ပါသည်။ ဘုရားစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ဌာပနာအချို့တို့ကို ပြန်လည်သိမ်းဆည်းထားခဲ့ရပါသည်။

၂။ ကောဇာသက္ကရာဇ် ၁၃၆၈ခုနှစ် ပြာသိုလပြည့်ကျော် ၆ရက် ခရစ်သက္ကရာဇ် ၂၀၀၇ခုနှစ် ဇန်နဝါရီလ ၈ ရက်တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း၊ ကြံသီးနှံလုပ်ငန်းဌာနမှ အလှူရှင်၊လုပ်အားရှင် ဒါယကာ၊ ဒါယိကာမများ စုစည်းပါဝင်သဒ္ဓါတရားထက်သန်စွာဖြင့် နိဗ္ဗာန်အကျိုးရည်မျှော်ကိုး၍ ဆောင်ရွက်ခဲ့မှုများကြောင့် ဉာဏ်တော်(၄၅)တောင်ရှိ စေတီတော်ကို စတုတ္ထအကြိမ် ပြန်လည်တည်ထားပူဇော်နိုင်ခဲ့ပါသည်။

၃။ ဘုရားတည်ထားမှုလုပ်ငန်းများ အောင်မြင်စွာပြီးစီးခဲ့သည့်အတွက် ကောဇာသက္ကရာဇ် ၁၃၇၀ပြည့်နှစ် တပေါင်းလပြည့်ကျော် ၁၂ရက်၊ ခရစ်နှစ် ၂၂-၃-၂၀၀၉ရက်(တနင်္ဂနွေနေ့)တွင် ရွှေထီးတော်တင်လှူပူဇော်ပွဲ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။

၄။ ရွှေထီးတော်တင်လှူပူဇော်ပွဲကြီးအတွက် အဘက်ဘက်မှ ကူညီပြီး အလှူတော်ငွေ ထည့်ဝင်ပေးသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးနှင့် ဇနီး ဒေါ်နီနီဝင်းတို့အား အမှူးပြု၍ ဦးစီးဌာနများ၊ လုပ်ငန်းဌာနများ၊ ဘိလပ်မြေများ ဈေးနှုန်းချိုသာစွာဖြင့် လှူဒါန်းသော MOTHER TRADING ကုမ္ပဏီအားလည်းကောင်း၊ သဒ္ဓါတရားထက်သန်စွာဖြင့် အလှူငွေထည့်ဝင်ကြသော ကုမ္ပဏီအသီးသီးအား လည်းကောင်း၊ ရေသန့်လှူဒါန်းသော ALPINE သောက်ရေသန့်ကုမ္ပဏီအား လည်းကောင်း၊ အခမ်းအနားမှူး မဟာသဒ္ဓမ္မဇောတိကဓဇ၊ ဘီအေ၊ ဓမ္မာစရိယ ဦးမင်းကြည်၊ တွဲဖက်အခမ်းအနားမှူး မဟာသဒ္ဓမ္မဇောတိကဓဇ(သစအ)ဓမ္မာစရိယ ဦးစိုးတင့်၊ လူမှုထူးချွန်ပထမဆင့် မဟာသဒ္ဓမ္မဇောတိကဓဇ နိုင်ငံကျော်သာသနာပြု အဆိုတော် ဦးထွန်းရွှေ၊ အဆိုတော် ဦးတင်ထွန်းရွှေ၊ အဆိုတော်ဒလဝေဝေ၊ လုပ်သားဒါန ဆောင်ရွက်ကြသော စံကင်းကျေးရွာအုပ်စုမှ ရွာသူရွာသားများ၊ ရွှေထီးတော်ပင့်ဆောင်ရာတွင် ခေတ္တရပ်နားသော တော်လတီကျေးရွာ၌ ဧည့်ခံကျွေးမွေးသော တော်လတီ ရွာသူရွာသားများ၊ ကလော့သော့ ရွာသူ ရွာသားများ၊ ရွှေထီးတော်ပြုလုပ်ပေးသော ဦးချစ်ဖေ-ဒေါ်အေးကြင်နှင့်သားများ၊ မှန်စီရွှေချနှင့် နိဗ္ဗာန်ကုန်လုပ်ငန်း၊ ဘုရားတည်ထားရန်အတွက် မြေလှူဒါန်းသော ရန်ကုန်မြို့မှ ဦးကျော်ဝင်း-ဒေါ်မြနွဲ့၊ စံကင်းကျေးရွာမှ ဦးတင်သိန်း-ဒေါ်မြင့်မြင့်သန်းတို့နှင့် အနယ်နယ်အရပ်ရပ်မှ ရွှေထီးတော်အလှူငွေထည့်ဝင်သောကုမ္ပဏီများ၊ အဖွဲ့များ၊ မိတ်ဆွေသင်္ဂဟနှင့် ဘုရားစတင်တည်ထား ကိုးကွယ်သည်မှ ရွှေထီးတော်တင်လှူပူဇော်ပွဲ အခမ်းအနားအောင်မြင်သည် အထိ ပါဝင်ကူညီသော ကြံသီးနှံလုပ်ငန်းဌာနမှ အရာထမ်း၊ အမှုထမ်းအားလုံး တို့အားလည်းကောင်း အထူးလိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

အရှေ့မြကျိုက်ပုံစေတီတော်
ဂေါပကအဖွဲ့၊ စံကင်းရွာ၊ ဓနုဖြူမြို့နယ်။

unicolor
Ph: 01-254995, 374722, 374733, 375182

SayaWallace B.Sc C.S.C (AUSTRALIA)
(SPOKEN ENGLISH WITH GRAMMAR)
PRACTICE
May / 2009
AIRCON

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ လှိုင်မြင့်မိုရ်အိမ်ရာ၊ သုဇာတာလမ်း၊ တိုက်အမှတ်-၂၅၊ အခန်းအမှတ်-၃၊ (၂၃×၃၅)ပေ အကျယ်ရှိ မြေညီတိုက်ခန်းအား ဝယ်ယူပိုင်ဆိုင်ထားသူ ဦးမြတ်စိုး ၇/ပခန(နိုင်)၁၇၃၉၉၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက အပိုင်ဝယ်ယူရန်စရန်ငွေများ ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံခုနစ်ရက်အတွင်း လာရောက်တင်ပြနိုင်ပါသည်။ ကျော်လွန်ပါက ဝယ်ယူသူသည် တိုက်ခန်းအား လက်ရောက်ရယူပြီး အမည်ပေါက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမျိုးမော် B.Sc, H.G.P, D.B.L,D.I.L,D.M.L
DL-IP WIPO in Geneva
အထက်တန်းရှေ့နေ
တိုက်-၆/၁/၃၊ ဆရာများအိမ်ရာ၊ လှိုင်တက္ကသိုလ်နယ်မြေ၊
လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၁-၅၆၆၈၃၊ ၀၉-၉၉-၇၂၄၅၀။

သာသနာပြု ကုသိုလ်ယူနိုင်

ဓမ္မာစရိယ ဂဏဝါစကဂန္ထကာရက ကျမ်းပြုစာချကထိက ဖြစ်တော်မူသည့် ဆရာတော် အရှင်ဝိစာရ(ဟိုပင်)သည် ရန်ကုန်မြို့တွင် ပညာစံအိမ်ကျောင်းတော်ကြီးကို တည်ထောင်ဖွင့်လှစ်၍ စာပေကျမ်းဂန်များ· သင်အံပို့ချခြင်း၊ ယဉ်ကျေးမှုသင်တန်း၊ အဘိဓမ္မာသင်တန်းများ ဖွင့်လှစ်ပို့ချခြင်း၊ ဓမ္မအမြင် ကြည်လင်ရေးအတွက် တရားဟောပြောခြင်း၊ စာပေကျမ်းဂန် ရေးသားပြုစုခြင်းစသော သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူမည်ဖြစ်ရာ သာသနာပြုကုသိုလ် အရယူလိုသူများ ဖုန်း-၀၉-၉၀-၅၄၃၉၄၁၊ ၀၁-၇၂၄၅၅၈၊ ၀၇၄-၆၂၅၃၂၊ ၀၅၃-၃၄၀၆၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

၁။ မန်နေဂျာ (B.E/A.G.T.I (Mechanical) (ကျား-၂)
လုပ်ငန်းအတွေ့အကြုံအနည်းဆုံးသုံးနှစ်ရှိရမည်။

၂။ စာရင်းကိုင် (B.Com/ B.A (Eco)/ LCCI Level III) (မ-၂)
ကွန်ပျူတာကျွမ်းကျင်၍ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး နှစ်နှစ်ရှိရမည်။

၃။ Secretary (ဘွဲ့ရ၊ အင်္ဂလိပ်စကားပြောကျွမ်းကျင်) (၂)
Secretary သင်တန်းအောင်မြင်ပြီး လုပ်ငန်းအတွေ့အကြုံ နှစ်နှစ်ရှိရမည်။

၄။ ယာဉ်မောင်း(၁၀တန်းအောင်) (ကျား-၁)
Auto ဂီယာကျွမ်းကျင်၍ ခရီးဝေးသွားနိုင်ရမည်။ လုပ်ငန်း အတွေ့အကြုံရှိ၍ အဆောင်နေနိုင်သူ ဦးစားပေးမည်။

ဓာတ်ပုံနှစ်ပုံ၊ မှတ်ပုံတင်အထောက်အထားမိတ္တူ၊ ရပ်ကွက်ထောက်ခံစာ၊ ပညာအရည်အချင်းအထောက်အထား၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ CV Form နှင့်အတူ ၅-၅-၂၀၀၉ရက်အတွင်း (၅)မိုင်ခွဲ အမှတ်(၆၄၇/အေ) ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၂၆၆၂၆၊ ၀၁-၇၂၀၈၉၀တို့သို့ လာရောက်လျှောက်ထားနိုင်ပါသည်။

"စေတနာ" တရုတ်တိုင်းရင်းဆေးကုခန်း

အမှတ်(၁၇၀/၁)၊ ပထမသီရိရိပ်သာ၊
အောက်ကြည့်မြင်တိုင်လမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၂၈၆၀၆၊ ၀၉-၅၁-၄၀၇၆၅။

ဗုဒ္ဓနည်းကျ တရားရှုနည်း သင်တန်း

ရန်ကုန်တိုင်း၊ ဒဂုံမြို့နယ်၊ ရွှေတိဂုံဘုရားလမ်း၊ တောင်ဘက်မုခ်၊ မြို့တော်စည်ပင်ဓမ္မာရုံ၌ ဧပြီ ၂၅ရက်မှ မေ ၁၀ရက်အထိ နေ့စဉ် မွန်းတည့် ၁၂ နာရီ မှ ည ၈နာရီ အထိ ဆရာတော်ဘဒ္ဒန္တဓမ္မပတိ၊ ကမ္မဋ္ဌာနာစရိယ ဆရာတော် (ဖားအောက်တောရ ရိပ်သာ)မှ သမထဝိပဿနာကို မြတ်စွာဘုရား ဟောကြားထားသည့်အတိုင်း လက်တွေ့သင်ကြားပို့ချပေးမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူ မည်သူမဆို လာရောက်လေ့လာနိုင်ပါသည်။

အမည်ဖြည့်စွက်ခေါ်ပါရန်

တောင်ကြီးမြို့၊ မြို့မရပ်၊ ရေမဲလမ်း၊ အိမ်အမှတ်(၃၁၀)နေ ဦးကာသစ်(ခ)ဦးလှမြင့် ၁၃/တကန(နိုင်) ၁၂၁၈၁၆ဟု ဖြည့်စွက်ခေါ်ပါရန်။

ဦးကာသစ်(ခ)ဦးလှမြင့်

KO NYAN
Car Rental, Sale & Services

ရောင်းမည်

မြန်မာ့ဂုဏ်ရည်ကွန်ဒို(အောင်ဆန်းကွင်းအနီး) 1850 sq-ft, 1 MBR, 2 BR; ဓာတ်လှေကား နှစ်စင်း၊ မီတာပါပြီး (ပွဲစားမလို)။
ဖုန်း-၅၆၂၇၃၀၊ ၀၉-၅၁-၉၁၁၁၆၊ ၀၉-၅၀-၅၆၆၆၉။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂ခ/၉၁၂၃ ယာဉ်အမျိုးအစား နစ်ဆန်းဒီဇယ် ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဟာကြူး ၁၃/တကန(နိုင်) ၁၂၁၄၀၄က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ကညန(တောင်ကြီး)။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မကန/၁၃၄၉၅ ယာဉ်လက်ဝယ်ရှိသူ ဒေါ်နီနီယဉ် ၁/မကန(နိုင်)၀၃၃၅၂၉က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် တင်ပြသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ကညန၊ (ပြည်နယ်ရုံး) မြစ်ကြီးနားမြို့။

စက်ပစ္စည်းများသယ်ပို့ရန် ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁) စက်မှုဝန်ကြီးဌာန၊ မြန်မာ့ကျွေထည်မြေထည်လုပ်ငန်း နေပြည်တော် ဘိလပ်မြေစက်ရုံစီမံကိန်း (တောင်ဖီလာ)အတွက် စက်ပစ္စည်း ၁၇၇၃တန်အား ရန်ကုန်ဆိပ်ကမ်းမှ တောင်ဖီလာသို့ သယ်ပို့ပေးရန် ချိပ်ပိတ်တင်ဒါခေါ်ရန် ရှိပါသည်။

(က) **တင်ဒါခေါ်ရက်** - ၂၄-၄-၂၀၀၉ ရက်
(ခ) **တင်ဒါပိတ်ရက်** - ၃၀-၄-၂၀၀၉ ရက်

၂။ မြန်မာ့ကျွေထည်မြေထည်လုပ်ငန်း ရောင်းဝယ်ရေးဌာန ရုံးအမှတ်(၄၁) နေပြည်တော်တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းပြီး တင်ဒါများ လာရောက် ဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံတရားဝင် ဝယ်ယူထားသူများထံမှ တင်ဒါကိုသာ လက်ခံပါမည်။

(အသေးစိတ်သိလိုပါက စုံစမ်းရန် ဖုန်း-၀၆၇-၄၀၈၂၉၈)

မြန်မာ့ကျွေထည်မြေထည်လုပ်ငန်း။

မီးကို ကြိုတင်ကာကွယ်မှုဖြင့် အနိုင်ယူပါ

သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

နမ့်ခမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးစောမြင့်ထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာဦးဝင်းဦးတို့ စပယ်လမ်းကျောက်ချောခင်းခြင်း လုပ်ငန်းကို ကြပ်မတ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ချီဖွေ၌ တိုင်းရင်းဆေးပညာ သင်တန်းဖွင့်

ချီဖွေ ဧပြီ ၁၃

မြစ်ကြီးနားခရိုင် ချီဖွေ မြို့နယ် အထကကျောင်းခန်းမ၌ မတ် ၂၈ ရက် နံနက် ၉ နာရီက မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် ခရိုင်တိုင်းရင်းဆေးဦးစီးဌာနတို့ ပူးပေါင်း၍ တိုင်းရင်းဆေးပညာသင်တန်း ဖွင့်ပွဲကို ကျင်းပသည်။

ပို့ချ

တိုင်းရင်းဆေးပညာသင်တန်းတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြအေးက အဖွင့်အမှာစကားပြောကြားပြီး**(ယာပုံ)** ခရိုင်တိုင်းရင်းဆေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းမြင့်နှင့် လက်ထောက် တိုင်းရင်းဆေးမှူး ဒေါ်မီမီဇော်တို့က သင်တန်းပို့ချကြသည်။

သင်တန်းသို့ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် တိုင်းရင်းဆေးပညာကို စိတ်ပါဝင်စားသူများ စုစုပေါင်း ၅၀တက်ရောက်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

မတ္တရာမြို့နယ်၌ သန့်ရှင်းရေး ဆောင်ရွက်

မတ္တရာ ဧပြီ ၁၅

ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ ပတ်ဝန်းကျင် ရက်သတ္တပတ် လှုပ်ရှားမှုအဖြစ် ဧပြီ ၄ရက် နံနက် ၇ နာရီက မြို့နယ်ပြည်သူ့ဆေးရုံဝင်း ရှေ့မျက်နှာစာတွင် သန့်ရှင်းရေးဆောင်ရွက်ကြရာ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်လှသိန်းဦးနှင့်အသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် မြို့ပေါ်ရပ်ကွက် လူမှုရေး အသင်းအဖွဲ့များ တက်ရောက်ကြသည်။

အဆိုပါ ဆောင်ရွက်ပြီးစီးသော အမှိုက်များကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှိုက်သိမ်းကားများဖြင့် လိုက်လံသိမ်းဆည်း ဆောင်ရွက်ပေးကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော် ထောက်ပံ့ငွေကျပ် ၂၃ သိန်းဖြင့် နှစ်လက်မတွင်းနက် စက်ရေတွင်းတူးဖော်ခြင်းနှင့် ရေစက်ရုံ၊ ရေဂါလန် (၈၀၀)ဆံ့ရေကန်တို့ တည်ဆောက်ပြီးစီးမှုကို မတ် ၃၁ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုဇော်နှင့် အမှုဆောင်အရာရှိ ဦးတင့်ဝေတို့ ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးဗိုလ်ဆန်းက စက်ရေတွင်းဆိုင်ရာ အချက်အလက်များ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဖားကန့်မြို့နယ် စည်ပင် မြို့စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများဆောင်ရွက်

ဖားကန့် ဧပြီ ၁၄

ဖားကန့်မြို့ စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ဒုတိယဦးစီးမှူး ဦးမျိုးသန့်စင် ဦးဆောင်သော ဝန်ထမ်းများက ဘိုကတော်၊ ခရာဝါပင်များအား ပျိုးထုပ်ခြင်းနှင့် မြေဩဇာဖြည့်သွင်းခြင်းလုပ်ငန်းကို ဧပြီ ၇ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်အောင်၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီးစီးသော အောင်ကုသိုလ်ရပ်ကွက် လေးလက်မစက်ရေတွင်း၊ ရေစက်ရုံနှင့် ရေဂါလန် ၃၀၀၀ ဆံ့ ရေကန်ဆောင်ရွက်ပြီးစီးမှုကို စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းမောင်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ-ထိုင်း နှစ်နိုင်ငံ လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ ကျင်းပ

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးနှင့် ထိုင်းနိုင်ငံ လူမှုဝန်ထမ်းနှင့် လူမှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ကြီး Mr. Issara Somchai တို့ မြန်မာ-ထိုင်း နှစ်နိုင်ငံ လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေး နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၂၄

မြန်မာ-ထိုင်း နှစ်နိုင်ငံ လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ ရွှေနန်းတော်ဟိုတယ်၌ ကျင်းပရာ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်ဦး တက်ရောက်၍ အမှာစကား ပြောကြားသည်။

စာမျက်နှာ ၆ ကော်လံ ၁ ■

ထူးခြားသည့် နေ့အပူချိန်

(၂၄-၄-၂၀၀၉)

မြင်းခြံ	၄၂	ဒီဂရီစင်တီဂရိတ်
မုံရွာ	၄၁	ဒီဂရီစင်တီဂရိတ်
ညောင်ဦး	၄၁	ဒီဂရီစင်တီဂရိတ်
ချောက်	၄၁	ဒီဂရီစင်တီဂရိတ်

နိုင်ငံ့ဂုဏ်ဆောင်မည့် နိုင်ငံတကာအဆင့်မီ နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်သစ်ကြီး မကြာမီ ထွားထွားစွင့်စွင့် ပေါ်ထွက်လာတော့မည်

နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်ရေးစီမံကိန်း အဆင့်အားလုံး ပြီးစီးသွားပါက မြင်တွေ့ရမည့် လေဆိပ်တစ်ခုလုံး၏ အပေါ်စီးမြင်ကွင်း ဒီဇိုင်းပုံစံကို ဤသို့ ခေတ်မီလှပစွာ တွေ့ရသည်။ (သတင်းစဉ်)

သတင်းဆောင်းပါးနှင့် ဓာတ်ပုံမှတ်တမ်း တင်ထွေး(သတင်းစဉ်)

စာမျက်နှာဖွဲ့စည်းမှု အေးကြည် (မြန်မာ့အလင်း)

နေပြည်တော် ဧပြီ ၂၄

တန်ခူးလမို့ နံနက်အရုဏ်ဦးအချိန်တွင် နှင်းလိုလို မြူလိုလို ပြာလဲ့လဲ့အရိပ်သဏ္ဍာန်များက မြင်ကွင်းကို ဇာပဝါပါး လွှမ်းခြုံထားသကဲ့သို့ ရှိနေပေသည်။ ထိုအနေအထားမှ နေထွက်ပြူစ အချိန်ရောက်သည်နှင့် မြူခိုးတို့ပြယ် ရှုချင်စဖွယ် မြင်ကွင်းကျယ်က အထင်အရှားပေါ်ထွက်လာပေတော့ရာ ထွက်ပြူစ နေခြည်အောက် လေဆိပ်ကွင်းပြင်ကျယ်အတွင်းမှ ခမ်းနားလှပမှုတို့ကား သတင်းအဖွဲ့အပါအဝင် ပရိသတ်ကြီးကို ရင်ခတ်လှုပ်ရှားစေတော့သည်။ ခေတ်မီဝင့်ကြွားလှသော ပိုင်ရိုက်စက်ယန္တရားကြီးများက နေခြည်အောက်တွင် ရွှေရည်သောက်လျက် မကြာမီဖွင့်လှစ်တော့မည့် တွင်းတော်ဝန်း မင်္ဂလာအခမ်းအနားကို စောင့်ကြိုနေသည့်အလား အင်နှင့်အားနှင့် မားမားစွင့်စွင့် ရှိလှတော့သည်။

စာမျက်နှာ ၈ ကော်လံ ၁ ●